# အခန်း (၁)

# နောင်ဆိုင်ကျေးရွာ၏ နောက်ခံသမိုင်း

## ၁။ တည်နေရာနှင့် အကျယ်အဝန်း

နောင်ဆိုင်ကျေးရွာသည် ပထဝီဝင် တည်နေရာအရ မြောက်လတ္တီတွဒ် ၂၇ ံ ၁၁' ၆" နှင့် ၂၇ ံ ၁၁' ၁၄" ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ံ ၉' ၇" နှင့် ၉၆ ံ ၉' ၅၅ " ကြားနှင့် ပင်လယ်ရေမျက်နှာပြင် အထက် အနိမ့်ဆုံး (၂၉၈၄) ပေနှင့် အမြင့်ဆုံး (၃၁၀၃)ပေ တို့အကြား၊ နောင်ယန်းနယ် ပတ်လမ်းပေါ်တွင်တည်ရှိသည်။ အရှေ့ဘက်တွင် တကုန်းကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပြီး ရွာမြောက်ဘက်တွင် လယ်ကွင်း ပြင်ကျယ်နှင့် နောင်ယန်းအင်း တို့ တည်ရှိသည်။



*ပုံ (၁) နောင်ဆိုင်ကျေးရွာ*

အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအရ နန်းယွန်းမြို့နယ်အတွင်း နောင်ဆိုင်ကျေးရွာအုပ်စု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ပါဝင်သည်။ ၂၀၁၈ ကျေးရွာစစ်တမ်းအရ နောင်ဆိုင်ကျေးရွာတွင် **အိမ်ခြေ(၁၀၇)အိမ်**နှင့် **လူဦးရေ စုစုပေါင်း (၆၇၀)** ကျော်ရှိသည်။

သမိုင်းအထောက်အထားများအရ နောင်ဆိုင်နှင့် တကုန်းကျေးရွာတို့ကြားတွင် သတ်မှတ်ထားရှိသော ကျေးရွာနယ်နိမိတ်ဟူ၍ မရှိခဲ့ပါ။ သီးခြားကျေးရွာများဖြစ်သော်လည်း နယ်နိမိတ်တစ်ခုအတွင်း ရှိပြီး မြေယာစီမံ ခန့်ခွဲမှုဆိုင်ရာ ထုံးတမ်းဓလေ့ ဘုံစည်းမျဉ်းစည်းကမ်း တစ်ခုတည်းကိုသာ ကျင့်သုံးလျက်ရှိသည်။ စုစုပေါင်း နယ်နိမိတ် မြေပိုင်နက် အကျယ်အဝန်းမှာ ဧရိယာ **စတုရန်းမိုင်ပေါင်း (၁၆.၃၂)** ကျယ်ဝန်းပြီး **ယင်းသည် (၁၀၄၄၇) ဧက**နှင့် ညီမျှသည်။




*ပုံ(၂) နောင်ဆိုင်ကျေးရွာ၏ ဂြိုလ်တုဓာတ်ပုံ*

## ၂။ ကနဦး ရွှေ့ပြောင်းနေထိုင်မှု

လွန်ခဲ့သော နှစ်ပေါင်းများစွာတွင် ဝမ်းစာဖူလုံရေးအတွက် တစ်နေရာပြီး တစ်နေရာသို့ ပြောင်းရွှေ့နေ ထိုင်လာခဲ့ကြသည်။ ပထမကမ္ဘာစစ်မတိုင်မှီကပင် ဦးရန်ရှဲတို့ညီအစ်ကိုများသည် ယခုလီဒို လမ်းမအနီး တဝိုက်တွင်လှည့်လည်နေထိုင်ခဲ့ ကြသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မှီအချိန်က **တကုန်းရွာခိုင်လောချိန်းရပ်ကွက်ကို ဦးရန်ရှဲတို့ညီအစ်ကိုလေးဦး** တို့က စတင် တည်ထောင်ခဲ့ပြီး **တကုန်းရွာယိန်ထော** ရပ်ကွက်ကိုမူ **ဦးထပ်ဆင်(မ်)** မိသားစုက တည်ထောင်ခဲ့သည်။ ထိုအချိန်၌ တကုန်းရွာ ယိန်ထော ရပ်ကွက်တွင် လူအရောက်အပေါက် နည်းပါးခဲ့ပြီး၊ နောင်ဆိုင်ရွာဟူ၍လည်း သီးခြားအမည် ခေါ်ဆိုခဲ့ခြင်း မရှိသေးပေ။

ဒုတိယကမ္ဘာစစ်ဖြစ်ချိန် ၁၉၃၉- ၁၉၄၅ခုနှစ်များအတွင်း အင်္ဂလိပ်စစ်ဗိုလ် မဟာရာနီခေါ် ကွန်ဗီရောက်လာပြီး ရွာ၏အမည်ကိုမေးမြန်းရာ **ဦးရန်ရှဲ** က တကုန်းရွာဟူ၍ ဖြေကြားခဲ့သည်။ ထိုနေ့မှစ၍ တကုန်းရွာဟူ၍ လူသိများလာခဲ့သည်။ တကုန်း၏ မူရင်းအသံထွက်မှာ (တကိန်း) ဖြစ်သည်။ **တကိန်း** သည် တာဝန်ဟု အဓိပ္ပါယ်ရသည်။

## ၃။ နတ်ပြောဒဏ္ဍာရီ သမိုင်းမှ ဆင်းသက်လာသည့် 'တကိန်း' စကားစု

ရှေးအခါက နောင်ဆိုင်အင်း ရေနတ်မင်းသည် အခြားအရပ်မှ ရောက်ရှိလာပြီး တကုန်းချောင်း ရေနတ်မင်းထံမှ ခိုအောင်းခွင့် တောင်းဆိုခဲ့ရာ တကုန်းချောင်းရေနတ်မင်းက **တကိန်းရားဒိုင်မော** (တာဝန်မယူနိုင်) ကြောင်း ပြောရာ ထိုစကားကို အစွဲပြုပြီး တကိန်းချောင်း ဟု ခေါ်သွင်လာသည်။ လက်ရှိတကုန်းချောင်းမှာ တကိန်းရိုင်းပင် ဖြစ်သည်။

## ၄။ တကုန်းရွာ ယိန်းထောရပ်ကွက်တွင် တန်ရှန်းနာဂ လော်ချန်မိသားစုများ စုစည်းလာခြင်း

၁၉၆၄ခုနှစ်၌ ကချင်(ရှန်းလွဒ်) စစ်ဖြစ်သောကြောင့်တဝေါ့ရွာ၊ ဆုန်းခါးရွာ၊ ကေတူရွာ (ယခုတရုံချောင်းတဖက်ကမ်း) များမှ စစ်ဘေးရှောင်မိသားစုများကို ဦးကေးကောင်းမှ ဦးဆောင်၍ တကုန်း ယိန်းထောရပ်ကွက်သို့ ပြောင်းရွှေ့လာရာ စုစုပေါင်း အိမ်ခြေ(၁၆)အိမ် ရှိလာခဲ့သည်။ နောက်ပိုင်းတွင်လည်း မိသားစုအချို့ စုရုံး ရောက်ရှိလာခဲ့ကြသဖြင့် အိမ်ခြေနှင့် လူဦးရေ ဆက်လက် တိုးလာခဲ့သည်။

## ၅။အခြား တန်ရှန်းနာဂမျိုးနွယ်စုများ တကိန်း ခိုင်လောချိန်းရပ်ကွက်သို့ စုစည်းလာခြင်း

၁၉၆၇ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီခေတ် အုပ်ချုပ်ရေးစနစ်အရ လူနည်းစုရွာများကို နီးစပ်ရာရွာသို့ ပြောင်းရွှေ့ စုစည်းစေခဲ့သည်။ ယင်းကြောင့် ၁၉၆၇ ခုနှစ်တွင် ရွှမ်းနမ်းရွာသူကြီး ဦးကင်း(မ်)ဝေါမှ တကိန်းရွာ ခိုင်လောချိန်း ရပ်ကွက်အနီးတွင် ပြောင်းရွှေ့နေထိုင်ရန် တကိန်းရွာသူကြီးဦးရန်တူအား အကူအညီတောင်းခံခဲ့သဖြင့် ရွာသူကြီးက ခွင့်ပြုပေးခဲ့သည်။ ထို့ကြောင့် ၁၉၆၆ ခုနှစ်တွင် ရွှမ်းနမ်းရွာ သူ/သားများအားလုံးသည် ခိုင်လောချိန်း ရပ်ကွက်သို့ တစ်စုတစ်စည်းတည်း အခြေချ ရွှေ့ပြောင်း ခဲ့သည်။

## ၆။ တကုန်းယိန်းထောရပ်ကွက်မှ နောင်ဆိုင်ရွာဟု တရားဝင်အသုံးပြုလာခြင်း

အစပိုင်း၌ **တကုန်းယိန်းထော** ရပ်ကွက်ကို **တကုန်း(၂)** ရွာ ဟူ၍လည်း ခေါ်ဝေါ် အသုံးပြုခဲ့ကြသည်။ ၁၉၆၆ ခုနှစ်ရောက်သောအခါ တကုန်း(၂) ရွာသူ၊ ရွာသားများနှင့် ရွာသူကြီး ဦးကေးကောင်းတို့သည် ရွာ၏အမည်ကို အပြောင်းအလဲလုပ်ရန် အစည်းအဝေးပွဲ တစ်ခု ပြုလုပ်ပြီး

တိုင်ပင်ညှိနှိုင်းခဲ့ကြသည်။ ရွာအမည်အား ရေမြေတောတောင်ကို အခြေခံလျက် **နောင်ဆိုင်ဟု** အမည်ပေးရန် သဘောတူခဲ့ကြသည်။ ထိုနှစ်၌ပင် ရွာသူကြီးနှင့် ဆရာဦးရှန်ဝေါတို့သည် နန်းယွန်းမြို့ န.လ.က ရုံးသို့ သွားရောက်ခဲ့ပြီး တကုန်း(၂) ရွာသည် နောင်ဆိုင် တောင်တွင်တည်ရှိသောကြောင့် နောင်ဆိုင်ကျေးရွာဟုသတ်မှတ် ပေးပါရန် တောင်းဆို တင်ပြခဲ့သည်။ တောင်းဆိုချက်အတိုင်း မြို့အုပ် ဦးကေးဒုံက လက်ခံအတည် ပြုပေးသဖြင့် ထိုနေ့မှစ၍ နောင်ဆိုင်ကျေးရွာဟူသော အမည်ကို တရားဝင် အသုံးပြုလာခဲ့သည်။

နောင်ဆိုင်၏မူရင်းအသံထွက်မှာ **နောင်းစေ** ဖြစ်သည်။ **နောင်း** သည် အင်း၊ **စေ** သည် အငယ် ဟု အဓိပါယ်ရသည်။ ထိုအင်းနှင့် အင်းနံဘေး ပတ်ဝန်းကျင် တောတောင် ပုံသဏ္ဍာန်ကို အစွဲပြု၍ နောင်ဆိုင်ရွာဟု မှည့်ခေါ်ခြင်းဖြစ်သည်။

## ၇။ တန်ရှန်း နာဂမျိုးနွယ်စုများ နောင်ဆိုင်ကျေးရွာသို့ စုစည်းလာခြင်း

၁၉၈၈ ခုနှစ်တွင် နာယန်းရွာမှ ဦးရန်းကောင်းနှင့် ဦးမောနောင်တို့ ဦးဆောင်၍ မိသားစုလေးစုတို့သည် နောင်ဆိုင်ကျေးရွာသို့ ပြောင်းရွှေ့ လာခဲ့ကြသည်။ ၁၉၉၈ခုနှစ်တွင် နားယန်းကျေးရွာမှဦးအန်းမိုင်းဦးဆောင်၍ မိသားစု(၅)စု ပြောင်းရွှေလာခဲ့ သည်။ နောင်နှစ်များ တွင်နေရာအနှံ့မှ ပညာရေးနှင့် စားဝတ်နေရေး အခွင့်အလမ်းများ ပိုမို လက်လှမ်းမီနိုင်ရန်အတွက် ပြောင်းရွှေ့လာခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် လိပ်လင်းကန်းကျေးရွာမှ အိမ်ခြေ(၂၀)သည် ပညာရေးနှင့် လယ်ယာလုပ်ကိုင်နိုင်ရေးအတွက် ဦးဒေးလောင်နှင့် ဦးမောဒမ်းတို့ဦးဆောင်မှုဖြင့် ပညာရေး ကျောင်းဆိုင်ရှင်တပါတည်းယူဆောင်လာကာ ၂၀၁၁ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိဖွင့်လှစ်ခဲ့ရသည်။

## ၈။ နောင်ဆိုင်၏ ရွာ တည်နေရာ ရွှေ့ပြောင်းခြင်းသမိုင်း

**ဦးကေးကောင်းဦးဆောင်သော** အိမ်ခြေ(၄၀)ခန့်ရှိသည့် နောင်ဆိုင် ရွာသူ/သားများသည် ယခုလီဒိုလမ်း မဘေးရှိ **လိမ်ရရိုင်း**ခေါ် ယခုကျောက်ဖျာ ချောင်းဖျားနေရာ **ဂဒေ့ချိုင့်ဝှမ်း**သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ထိုအရပ်တွင် ၃ နှစ်ကြာနေထိုင်ပြီး လမ်းပန်း ဆက်သွယ်ရေး အခက်အခဲရှိသောကြောင့် ၁၉၇၁ ခုနှစ် ဇန်နဝါရီလတွင် ယခုလီဒိုလမ်းမ နံဘေး (လက်ရှိ ပန်ဆောင်နယ်စပ်ကျောင်တိုင်မှ လောက်လိုင်ကျေးရွာ ဘက်သို့ ၁၀ မိုင်ခန့်အကွာ)သို့ ထပ်မံ ပြောင်းရွှေ့ခဲ့ကြသည်။

၁၉၇၇ ခုနှစ်သို့ ရောက်သောအခါ ရွှေပြောင်းတောင်ယာလုပ်ကိုင်ခြင်းမှ လယ်ယာ လုပ်ငန်းသို့ ကူးပြောင်း လုပ်ကိုင်ရန် အားသန်လာခဲ့ကြသည်။ ထို့ကြောင့် နောင်ဆိုင်ကျေးရွာ ရွာလူကြီးများဖြစ်သည့် ဦးကေးကောင်း၊ ဦးဆင်း(မ်)ရိန်းနှင့် ဦးဝါးရွန်တို့သည် နာယန်းကျေးရွာလူကြီးများဖြစ်သည့် **ဦးရော်ရဲ၊ ဦးမတ်ကေ၊ ဦးဟေဘင်းနှင့် ဦးသွဲလျာမ်တို့ထံ** သွားရောက်တွေ့ဆုံပြီး လယ်မြေခွဲဝေပေးနိုင်ရန် အကူအညီတောင်းခံ ခဲ့ကြသည်။ နာယန်းကျေးရွာ လူကြီးများက ထိုတောင်းဆိုမှုကို လက်ခံပြီး လယ်ယာမြေကို ခွဲဝေပေးခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ခွဲဝေရရှိသည့် လယ်ယာမြေများကို လုပ်ကိုင်ရန်အတွက် လက်ရှိနောင်ဆိုင်ရွာ တည်နေရာသို့ **ဦးကေးကောင်း**ကပင် ဦးဆောင်မှု၍ အိမ်ခြေ(၅၀) ခန့် ပြောင်းရွှေ့လာခဲ့သည်။ ကျေးရွာတွင်း လူဦးရေ တိုးတက်လာသည်နှင့် အမျှ ကျောင်းပညာ သင်ကြားနိုင်ရန်အတွက်လည်း ဦးတည် လာခဲ့ကြသည်။

၁၉၉၁ ခုနှစ် ဇူလိုင်လ(၁၁)ရက်နေ့တွင် မြေပြိုမှုကြောင့် နောင်ဆိုင်ကျေးရွာရှိ အိမ်ခြေ(၅၀)ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး **ရခိုးတော** (နောင်ဆိုင်ရွာဟောင်း) သို့လည်းကောင်း၊ **သိုင်းဒတော** သို့လည်းကောင်း တစ်ကွဲတစ်ပြားစီ နေထိုင်ခဲ့ကြသည်။ ထိုစဉ် ၁၉၉၂ ခုနှစ်တွင် KIA (ကချင်လွတ်မြောက်ရေးတပ်)နှင့် မြန်မာ့တပ်မတော်တို့ စစ်ဖြစ်ပွားသောကြောင့် တစ်ရွာတည်းတွင် စုစည်းနေထိုင်ရန် နောက်ထပ် အခက်အခဲ ကြုံတွေ့ခဲ့ရပြန်သည်။ ၁၉၉၄ ခုနှစ်တွင် သိုင်းဒတောတွင် နေထိုင်သည့် မိသားစုများသည် ရခိုးတောရှိ မိသားစုများစုများနှင့် စုပေါင်းလာခဲ့ပြီး နောင်ဆိုင်ကျေးရွာကို ပြန်လည် စုစည်းထူထောင်ခဲ့သည်။

ယခုနောင်ဆိုင်ကျေး ရွာ၏အထက် (၄)ဖာလုံခန့်တွင် ၁၉၉၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိနေထိုင်ခဲ့သည်။ ထို့နောက် လက်ရှိတည်ရှိသောနေရာ နောင်ဆိုင်သို့ ၂၀၀၈ခုနှစ်တွ င်လယ်ယာနှင့် နီးစပ်ရာသို့သော် လည်းကောင်း ၊ ကျောင်းဆိုင်ရှင်သီးခြားရရှိနိုင်ရေးအတွက် သော်လည်းကောင်း၊ ရေရှည်နေထိုင်နိုင်ရေးအတွင် သင့်တော်သောကြောင့် သော်လည်းကောင်း ပြောင်းရွှေ့လာခြင်းဖြစ်သည်။



ပုံ(၃) နောင်ဆိုင်ကျေးရွာတွင်နေထိုင်သော ပထမဦးဆုံးရွာတည်ထောင်သူ ဦးရန်ရှဲ၏ မိသားစု မှတ်တမ်းဓာတ်ပုံ

## အခန်း (၂)
## ကျေးရွာအုပ်ချုပ်မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ပညာရေးကဏ္ဍ သမိုင်းအကျဉ်း

### ၁။ နောင်ဆိုင်ကျေးရွာ၏ အုပ်ချုပ်ရေး နောက်ခံသမိုင်းအကျဉ်း

ဘိုးဘေးတို့၏ ရှေးဦး ရွာသူကြီး (ဝါလန်း)အုပ်ချုပ်မှု စနစ်သည် ၁၉ ရာစုမှ ၁၉၇၄ ခုနှစ်အထိ ကြာညောင်းခဲ့သည်။ တစ်နည်းအားဖြင့် ယင်းစနစ်သည် စော်ဘွား စနစ်ပင်ဖြစ်သည်။ ကျေးရွာတွင်း အထွေထွေရေးရာ ကိစ္စအားလုံးအတွက် ရွာသူကြီးများက ဆုံးဖြတ်ချက်ချ ပေးနိုင်ခဲ့သည်။ မုန်းတူ ရွာသူကြီးသည် မည်သည့် အမှုကိစ္စ ပြဿနာကိုမဆို တစ်ချက်လွတ် အမိန့်ဖြင့် ဆုံးဖြတ်ချက်ချ ဖြေရှင်းပေးခဲ့သည်။ ရွာသူကြီး သေဆုံးသွားလျှင် ကျေးရွာမှ သင့်တော်သည့် ပုဂ္ဂိုလ် တစ်ဦးဦးအား ကျေးရွာသူကြီး အဖြစ် ခန့်အပ်ပြီး အာဏာလွှဲပြောင်းပေး ခဲ့ကြသည်။

၁၉၇၄ နောက်ပိုင်းတွင် မြန်မာနိုင်ငံတော် အစိုးရ၏ ညွှန်ကြားချက်အတိုင်းပင် ကျေးရွာကို ခေတ်အဆက်ဆက် အုပ်ချုပ်လာသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အစိုးရနှင့် ကျေးရွာလူထုကြားတွင် သံတမန်သဖွယ် ကူညီဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများကို မဲစနစ်ဖြင့် ကျေးရွာမှ သင့်တော်သည့် ပုဂ္ဂိုလ်များကို ခန့်အပ်သည်။ ၎င်းတို့၏ တာဝန်များမှာ နိုင်ငံတော်အစိုးရ ဌာနများနှင့် ကျေးရွာရှိ အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ရည်ရွယ်လုပ်ကိုင်ခြင်း တို့ပါဝင်သည်။

**ဇယား (၁): ၁၉၇၄ မှ ၂၀၁၉ ခုနှစ်အထိ ကျေးရွာ အုပ်ချုပ်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များတို့၏ အမည်စာရင်း**

| ခုနှစ် | အမည် | ရာထူး /တာဝန် | ခုနှစ် | အမည် | ရာထူး/တာဝန် |
|---|---|---|---|---|---|
| ၁၉၇၄ မှ ၁၉၇၈ | ဦးကျော်ဝေါ<br>ဦးကွမ်းဒုန်<br>ဦးပွန်နောင် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၄ မှ ၂၀၀၅ | ဦးရိန်ငင်း<br>ဦးအောင်ပေါ်<br>ဦးယောင်းဝါ<br>ဦးတူးချင်း | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၉၇၈ မှ ၁၉၈၅ | ဦးဝေါ်ရှန်<br>ဦးပွန်နောင်<br>ဦးကန်ဝန် | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၅ မှ ၂၀၀၆ | ဦးဆန်းနတ်<br>ဦးအောင်ပေါ်<br>ဦးဘန်းဇာ<br>ဦးကိုင်းဝမ်း | ဥက္ကဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |

| | | | | | |
|---|---|---|---|---|---|
| ၁၉၈၅<br>မှ<br>၁၉၈၆ | ဦးဝေါရှန်<br>ဦးငိုင်ကောပ်<br>ဦးကန်ဝန် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၆ | ဦးဘန်ဇာ<br>ဦးတူပာင်(မ်)<br>ဦးဆန်းနူ<br>ဦးကိုင်းဝမ်း | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၉၈၅<br>မှ<br>၁၉၈၉ | ဦးငိုင်ကော(ပ်)<br>ဦးတူရှန်<br>ဦးရှမ်းရင် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၀၇ မှ<br>၂၀၁၁ | ဦးဆန်းနတ်<br>ဦးတူပာင်(မ်)<br>ဦးယိန်ဝါး<br>ဦးတွန်းငန် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၉၈၉<br>မှ<br>၁၉၉၄ | ဦးတူရှန်<br>ဦးနှင်းကော<br>ဦးဝေါရိုင် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | ၂၀၁၂ မှ<br>၂၀၁၅ | ဦးကန်နောင်<br>ဦးအောင်ကင်<br>ဦးရန်းကောင်း | အုပ်စုအုပ်ချုပ်ရေးမှူး<br>ဆယ်အိမ်မှူး<br>ရာအိမ်မှူး(နောင်ဆိုင်) |
| ၁၉၉၄<br>မှ<br>၁၉၉၉ | ဦးကန်ဝန်<br>ဦးပွန်နောင်<br>ဝေါရှန်<br>ဦးကဲမုန် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် | ၂၀၁၅ မှ<br>ယနေ့ထိ<br>(၂၀၁၉) | ဦးဒေလောင်<br>ဦးတူးချင်း<br>ဦးအောင်ကင် | အုပ်စုအုပ်ချုပ်ရေးမှူး<br>ကျေးရွာတာဝန်ခံ<br>ရာအိမ်မှူး (တကုန်း) |
| ၁၉၉၉<br>မှ<br>၂၀၀၄ | ဦးပာင်(မ်)ရှန်<br>ဦးကဒ်ဆင်(မ်)<br>ဦးရိန်းငင်<br>ဦးငန်းယော | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် | | | |

**ဇယား (၂):** ၂၀၁၆-၂၀၂၀ သက်တမ်းတွင် နောင်ဆိုင်တကုန်းကျေးရွာ အုပ်ချုပ်စီမံရေးအဖွဲ့

| စဉ် | အမည် | တာဝန် | စဉ် | အမည် | တာဝန် |
|---|---|---|---|---|---|
| ၁ | ဦးဒေလောင် | အုပ်စုအုပ်ချုပ်ရေးမှူး | ၁၀ | ဦးရှမ်တွန်း | ဆယ်အိမ်မှူး |
| ၂ | ဦးအောင်ကင် | ရာအိမ်မှူး | ၁၁ | ဦးကဲကမ် | ။ |
| ၃ | ဦးတူချင်း | ကျေးရွာတာဝန်ခံ | ၁၂ | ဦးနောင်ဖော် | ။ |
| ၄ | ဦးမိတ်ကင် | ဆယ်အိမ်မှူး | ၁၃ | ဦးကိုင်းဝမ်း | ။ |
| ၅ | ဦးလားည | ။ | ၁၄ | ဦးရိန်းအောင် | ။ |
| ၆ | ဦးချော့တူး | ။ | ၁၅ | ဦးယပ်သောင် | ။ |
| ၇ | ဦးပားကောင်း | ။ | ၁၆ | ဦးပာဇန်း | ။ |

| | | | | | |
|---|---|---|---|---|---|
| ၈ | ဦးကွမ်းယုန် | ။ | ၁၇ | ဦးကွေးမော | ။ |
| ၉ | ဦးလန်းနောက် | ။ | | | |



ပုံ (၄) ၂၀၁၆-၂၀၂၀ သက်တမ်းနှစ်အတွင်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များ၏ မှတ်တမ်း ဓာတ်ပုံ

## ၂။ ကျေးရွာရှိ အဖွဲ့အစည်းများ

### (၁) နာဂရိုးရာ ယဉ်ကျေးမှု အဖွဲ့

နာဂရိုးရာယဉ်ကျေးမှု အဖွဲ့သည် ရိုးရာထုံးတမ်း ဓလေ့နှင့် စပ်ဆိုင်၍ ကိစ္စအဝဝကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ ရိုးရာပွဲလမ်းသဘင်များကို စီစဉ်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားရန် ညွှန်ကြားခြင်းတို့တွင် ဦးဆောင်ဦးရွက် ပြုပေးသည်။



*ပုံ(၅) နောင်ဆိုင်ကျေးရွာ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့*

နာဂရိုးရာယဉ်ကျေးမှု အဖွဲ့သည် ရိုးရာထုံးတမ်း ဓလေ့နှင့် စပ်ဆိုင်၍ ကိစ္စအဝဝကို ဆောင်ရွက်ပေးရန် တာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ ရိုးရာပွဲလမ်းသဘင်များကို စီစဉ်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားရန် ညွှန်ကြားခြင်းတို့တွင် ဦးဆောင်ဦးရွက် ပြုပေးသည်။

### (၂) ရပ်မိရပ်ဖများ

ကျေးရွာပြည်သူနှင့် ရပ်ရွာ အခြေပြု အဖွဲ့အစည်းများအတွက် နည်းလမ်းကောင်းများကို ညွှန်ကြားပြသ ပေးနိုင်သည့် သက်ကြီးရွယ်အိုများကို ကျေးရွာရပ်မိရပ်ဖများ အဖြစ် ရွေးချယ်ခန့်အပ်သည်။ ဤရပ်မိရပ်ဖများသည် ကျေးရွာနောက်ခံသမိုင်းကို နှံ့စပ်စွာ သိရှိထားသူများဖြစ်သည်။ ထို့ကြောင့် ကျေးရွာ၏ ဘုံသဘောတူဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အကူအညီပေးနိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်ပါသည်။



*ပုံ(၆) : နောင်ဆိုင်ကျေးရွာ၏ ရပ်မိရပ်ဖများ (လက်ရှိ)*

**ဇယား(၃) လက်ရှိ ကျေးရွာရပ်မိရပ်ဖများနှင့် နာဂရိုးရာယဉ်ကျေးမှု အဖွဲ့တွင် တာဝန်ရှိသူများတို့၏ အမည်စာရင်း**

| ကျေးရွာရပ်မိရပ်ဖများ၏ အမည် | ရိုးရာယဉ်ကျေးမှုတွင် တာဝန်ရှိသူများ | လက်ရှိ တာဝန် |
|---|---|---|
| ဦးမောဒမ်း | ဦးရာဂေါ | ဥက္ကဌ |
| ဦးဆန်းနတ် | ဦးတူချင်း | အတွင်းရေးမှူး |
| ဦးကိုင်းသ | ဦးကွမ်နဲ (ကြီး) | အဖွဲ့ဝင် |
| ဦးကွမ်းယု | ဦးအန်းကောင် | ။ |
| ဦးပွန်နောင် | | |
| ဦးယောင်းဝါ | | |

## (၃)ဘာသာရေး အဖွဲ့အစည်းများ

နောင်ဆိုင်ကျေးရွာ နှစ်ခြင်းခရစ်ယာန်နှင့် ကက်သလစ်ခရစ်ယာန် အသင်းတော်တို့ကို အခြေခံဖွဲ့စည်းထားသည့် အသင်းတော် ကော်မတီ၊ အသင်းတော် အမျိုးသမီးအဖွဲ့၊ လူငယ်နှင့် ဆန်းဒေးစကူးလ် အဖွဲ့များ ရှိသည်။ ဘာသာရေး အဖွဲ့အစည်းများသည် ဘာသာရေး ပွဲလမ်းသဘင်များနှင့် အရေးကြီးသည့် ကိစ္စရပ်တို့တွင် အချင်းချင်း ကူညီဖေးမခြင်း၊ ကျေးရွာ၏ ပွဲလမ်းသဘင်များတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အစဉ်အမြဲ ပြုလုပ်ကြသည်။



*ပုံ(၇) ကဲသလစ် အသင်းတော် အမျိုးသမီးအဖွဲ့ဝင်များ*



*ပုံ(၈) နှစ်ခြင်းအသင်းတော် အမျိုးသမီးအဖွဲ့ဝင်များ*



***ပုံ(၉) နှစ်ခြင်းအသင်းတော် ကော်မတီဝင်များ***



***ပုံ(၁၀)နှစ်ခြင်းအသင်းတော် လူငယ်အဖွဲ့အစည်း***

**(၄) ကျေးရွာလူငယ်အဖွဲ့အစည်း:** ကျေးရွာ လူငယ်အဖွဲ့အစည်းသည် ရိုးရာယဉ်ကျေးမှု ကိစ္စရပ်များကို မြတ်နိုးဆောင်ရွက်ခြင်း၊ ကျေးရွာ စည်ပင်သာယာရေးအတွက် အိမ်မွေး တိရိစ္ဆာန်များ စနစ်တကျ ထိန်းကျောင်းမှု ရှိ၊မရှိ စိစစ်ပေးခြင်း၊ မိုးယဇ်ဆေးဝါး ထိန်းသိမ်းခြင်းနှင့် မိုးယဇ်ရမ်းကားသူများကို ထိန်းသိမ်းခြင်း စသည့် လုပ်ငန်းကဏ္ဍများတွင် အဓိက တာဝန်ယူ ဆောင်ရွက်လျက် ရှိသည်။

**(၅) ကျောင်းကော်မတီအဖွဲ့ :** နောင်ဆိုင်ကျေးရွာရှိ ကျောင်းကော်မတီသည် ကျေးရွာ၏ ကျောင်းပညာရေးအတွက် လိုအပ်သည့် ကိစ္စအဝဝအတွက် တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်သည်။



*ပုံ (၁၁) ကျောင်းကော်မတီဝင်များ၏ မှတ်တမ်းဓာတ်ပုံ*

## ၃။ နောင်ဆိုင်ကျေးရွာ၏ ဘာသာရေးနောက်ခံ သမိုင်းအကျဉ်း

### (၁) နောင်ဆိုင်ကျေးရွာ၏ ရှေးဦးကိုးကွယ်ယုံကြည်မှု

ဘိုးဘေးတို့လက်ထက်၌ ခေတ်အဆက်ဆက် နတ်များကို ယုံကြည်ကိုးကွယ်ခဲ့ကြသည်။ အိမ်စောင့်နတ်၊ တောစောင့်နတ်နှင့် ရေစောင့်နတ်များကို နည်းလမ်းအမျိုးမျိုးတို့ဖြင့် ပူဇော်ပသခဲ့ကြသည်။ နတ်ကောင်းနတ်မြတ်များရှိပြီး ၎င်းတို့ကို ကိုးကွယ်လျှင် အကွယ်အကာနှင့် လူတို့အတွက် ကောင်းကြီးမင်္ဂလာ အမျိုးမျိုးတို့ကို ပေးနိုင်ကြောင်း ယုံကြည်ခဲ့ကြသည်။

ထို့အပြင် နတ်ဆိုးများက လူတို့၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ထိခိုက်နစ်နာစေခြင်း မရှိစေရန် နတ်ဆိုးများအား နတ်တင်ပူဇော်သည့် ဓလေ့လည်း ထွန်းကားခဲ့သည်။ ကိုးကွယ်မှုကို ပြုကြရာတွင် ရှမ်းမား (နတ်ဆရာ) တို့၏ ဗေဒင်အတိုင်း ပူဇော်ပသခဲ့ခြင်း ဖြစ်သည်။ နတ်ကိုးကွယ်ယုံကြည်မှုသည် ဘိုးဘေးတို့လက်ထက် မှစ၍ ၁၉၈၄ ပြည့်နှစ်အထိ ကြာညောင်းခဲ့သည်။

### (၂) နောင်ဆိုင်ကျေးရွာသို့ ခရစ်ယာန်သာသနာပြု ဆရာများ ရောက်ရှိလာခြင်း

**၁၉၇၃-၇၄ ခုနှစ်အတွင်း လီဒူလမ်းနံဘေး နောင်ဆိုင်ရွာ**တွင် နေထိုင်ခဲ့စဉ်က **လီဆူမျိုးနွယ်စု ခရစ်ယာန် သာသနာပြုဆရာ ဦးယောဂေါလ် မိသားစု** ရောက်ရှိလာပြီး ယေရှုခရစ်တော်အကြောင်းကို **ပထမဦးဆုံး** ဟောပြော သွန်သင်ပေးခဲ့သည်။

သာသနာပြုဆရာ မိသားစုသည် ၂ နှစ်ကြာ နေထိုင်ခဲ့ပြီး ဆရာ၏ လမ်းပြသွန်သင်မှုကြောင့် **ဦးကွန်းဒိန်နှင့် ဦးဇာန်ပိန်မိသားစုများသာ** ခရစ်ယာန် ဘာသာသို့ ကူးပြောင်းခဲ့သည်။ ယင်းမိသားစု ၂စုသည်လည်း အခြားကျေးရွာသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။ ကျေးရွာရှိ ကျန်မိသားစုများသည် လက်ရှိနောင်ဆိုင်ရွာ တည်နေရာသစ်သို့ ပြောင်းရွှေ့လာခဲ့သည့် အချိန်အထိ မိရိုးဖလာ ရိုးရာနတ်ကိုးကွယ်မှုကိုသာ ဆက်လက်ကျင့် သုံးခဲ့ကြသည်။

၁၉၈၄ မတိုင်မီ နှစ်များအတွင်း နောင်ဆိုင်ကျေးရွာ၏ ဘေးပတ်ဝန်းကျင်ကျေးရွာတို့တွင် ခရစ်ယာန် ဘာသာတရား ယုံကြည်မှု အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာခဲ့ခြင်းကြောင့်သော်လည်းကောင်း **တကုန်းနှစ်ခြင်း ခရစ်ယာန် အသင်းတော်၏ ဧဝံဂေလိတရား ဟောမြေဝေငှပေးမှု** ကြောင့်သော်လည်းကောင်း နောင်ဆိုင်ကျေး ရွာလူထုသည်လည်း ယေရှုခရစ်တော် အကြောင်းကို ပိုမို သိရှိနား လည်လာ ခဲ့ကြသည်။ ထို့ကြောင့် **၁၉၈၄ခုနှစ် ဧပြီလ(၂၀)** ရက်နေ့တွင် မိသားစု (၉) စုသည် မိရိုးဖလာ ဘာသာ နတ်ယုံကြည်ကိုး ကွယ်မှုမှ နှစ်ခြင်း ခရစ်ယာန်ဘာသာတရားသို့ သက်ဝင်ယုံကြည်လာခဲ့ကြသည်။ ကျန်မိသားစုများလည်း ၁၉၈၄-၁၉၉၂ ခုနှစ်များအတွင်း ခရစ်ယာန်ဘာသာသို့ ဆက်လက် သင်းဝင်လာခဲ့ကြသည်။

နောင်ဆိုင်ကျေးရွာရှိ အိမ်ထောင်မိသားစုများအား နှစ်ခြင်းခရစ်ယာန်အဖြစ် အသင်းဝင် စေခဲ့သည့် ဓမ္မအမှုတော်ဆောင်များမှာ တကုန်းနှစ်ခြင်း အသင်းတော်မှ ဆရာများဖြစ်သည့် **(၁) သင်းအုပ်ဆရာဦး တန်ရှန် (၂) တွဲသင်းအုပ်ဆရာ ဦးဇော်ဝေါ (၃) သင်းထောက်ဆရာ ဦးရွှမ်ဘော နှင့် (၄) ဦးရေကေ** တို့ဖြစ်ကြသည်။

| ဇယား(၄) ၁၉၈၄ ခုနှစ် ဧပြီလ (၂၀) ရက်နေ့တွင် နောင်ဆိုင်ကျေးရွာမှ ပထမ အကြိမ် နှစ်ခြင်း ခရစ်ယာန် အသင်းတော်သို့ အသင်းဝင်ခဲ့ကြသော မိသားစုများ | | | |
|---|---|---|---|
| **စဉ်** | **အိမ်ထောင်ဦးစီးအမည်** | **လက်ရှိနေရပ်လိပ်စာ** | **မှတ်ချက်** |
| ၁ | ဦးကေးကောင်း | ပန်ဆောင် | ကွယ်လွန် |
| ၂ | ဦးချင်းတူး | နောင်ဆိုင် | သိက္ခာတော်ရဆရာ |
| ၃ | ဦးပွန်းနောင်း | ။ | |
| ၄ | ဦးယိန်ဇာ | လောက်လိုင် | |
| ၅ | ဦးဇာဘော | ပန်ဆောင် (ထက်) | ကွယ်လွန် |
| ၆ | ဦးမောရား | နောင်ဆိုင် | |
| ၇ | ဦးကဲဇား | ။ | ကွယ်လွန် |
| ၈ | ဦးပွန်းမင်း | ။ | |
| ၉ | ဦးခပ်ချင်း | ။ | ကွယ်လွန် |

## (၃) ယခင်အသင်းတော်(၁)ပါးမှ နောင်ဆိုင်နှင့် တကုန်းကျေးရွာ အသင်းတော်များအဖြစ် ရပ်တည်လာခြင်း

၁၉၈၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တကုန်းနှင့် နောင်ဆိုင်ကျေးရွာရှိ ခရစ်ယာန် အိမ်ထောင်မိသားစုများသည် နောင်ဆိုင်တကုန်း အသင်းတော် တစ်ပါးအဖြစ် ဖွဲ့စည်းရပ်တည်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် တကုန်းကျေးရွာသည် လယ်မြေနှင့်နီးရာသို့ ကျေးရွာတည်နေရာ ပြောင်းရွှေ့သွားသဖြင့် ဘုရားရှိခိုးကျောင်းဆောင်များလည်း သီးခြားစီ ဖြစ်လာခဲ့သည်။ သို့သော်လည်း အသင်းတော် တစ်ပါးအဖြစ် ရပ်တည်နေဆဲပင် ဖြစ်ခဲ့သည်။

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် နောင်ဆိုင်၊ တကုန်းကျေးရွာ လူကြီးများနှင့် အသင်းတော်လူကြီးများ၏ အစည်းအဝေးပွဲတွင် တကုန်းနှင့် နောင်ဆိုင်သည် သီးခြားအသင်းတော်များ အဖြစ် ဖွဲ့စည်းရပ်တည်ကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထိုသဘောတူ ဆုံးဖြတ်ချက်များကိုလည်း အသင်းတော် ကော်မတီမှ နန်းယွန်းနှစ်ခြင်း အသင်းတော်များအဖွဲ့ အလုပ်အမှုဆောင် အစည်းအဝေးပွဲသို့ တင်ပြခဲ့သည်။

ထို့ကြောင့် ၆၊ ၁၂၊ ၂၀၀၉ ခုနှစ်တွင် ပန်ဆောင်မြို့နယ်ခွဲ၊ ပန်ဆောင်နှစ်ခြင်း အသင်းတော်၌ ပြုလုပ်သည့် နန်းယွန်းနှစ်ခြင်းခရစ်ယာန် နယ်အသင်းတော်များ အဖွဲ့၏ သင်းလုံးကျွတ် ဓမ္မသဘင် အစည်းအဝေးပွဲ၌ တက်ရောက်လာကြသည့် အသင်းတော် ကိုယ်စားလှယ်များက တကုန်း၊ နောင်ဆိုင် ကျေးရွာများ၌ သီးခြားအသင်းတော်များ ဖွဲ့စည်းရပ်တည်ရန် အသိအမှတ်ပြုပေးခဲ့သည်။

| ဇယား (၅) နောင်ဆိုင်တကုန်း နှစ်ခြင်းခရစ်ယာန် အသင်းတော်၏ ဓမ္မအမှု တော်ဆောင်များ | | | |
|---|---|---|---|
| စဉ် | အမည် | တာဝန် | အမှုတော်ဆောင်ကာလ |
| ၁ | ဦးဇော်ဝေါ | သင်းအုပ် | ၁၉၈၄ မှ ၁၉၈၈ |
| ၂ | ဦးချင်းတူး | ။ | ၁၉၈၉ မှ ၂၀၀၉ |
| ၃ | ဦးဝေါတန် | သင်းထောက် | ၁၉၈၆ မှ ၂၀၀၉ |

| ဇယား (၆) နောင်ဆိုင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၏ ဓမ္မအမှုတော်ဆောင်များ | | | |
|---|---|---|---|
| စဉ် | အမည် | တာဝန် | အမှုတော်ဆောင်ကာလ |
| ၁ | ဦးချင်းတူး | သင်းအုပ် | ၂၀၁၀ မှ ၂၀၁၆ ထိ |
| | | သိက္ခာတော်ရ | ၂၀၁၆ မှ ယနေ့ထိ (၂၀၁၉) |
| ၂ | ဦးဆန်းနတ် | တွဲသင်းအုပ် | ၂၀၀၉ မှ ယနေ့ထိ |
| ၃ | ဦးလင်(မ်)ဆန်း | သင်းအုပ် | ၂၀၁၆ မှ ယနေ့ထိ |
| ၄ | ဦးရန်ပုန် | သင်းထောက် | ၂၀၁၁ မှ ယနေ့ထိ |
| ၅ | ဦးယန်ဝါး | အသင်းတော်ဥက္ကဌ | ၂၀၁၁ မှ ၂၀၁၈ |

| | | | |
|---|---|---|---|
| | | သင်းထောက် | ၂၀၁၈ မှ ယနေ့ထိ |
| ၆ | ဦးကျဖက် | လူငယ်တာဝန်ခံ | ၂၀၁၆ မှ ယနေ့ထိ |
| ၇ | ဒေါ်ဆိုဒ်မိန် | အမျိုးသမီးတာဝန်ခံ | ၂၀၀၇ မှ ၂၀၁၆ |
| ၈ | ဒေါ်ထုနင်(မ်) | ။ | ၂၀၁၇ မှ ယနေ့ထိ |
| ၉ | ဦးပွန်မင် | အသင်းတော်ဥက္ကဌ | ၂၀၀၉ မှ ၂၀၁၆ |
| ၁၀ | ဦးလားညှ | အတွင်းရေးမှူး | ၂၀၀၉ မှ ၂၀၁၆ |
| | | | |
| ၁၁ | ဦးယုန်းနောင် | ။ | ၂၀၁၇ မှ ယနေ့ထိ |
| ၁၂ | ဦးဘန်းမွေး | ဘဏ္ဍာထိန်း | ၂၀၁၁ မှ ယနေ့ထိ |
| ၁၃ | ဦးဖူနန်း | ဥက္ကဌ | ၂၀၁၈ မှ ယနေ့ထိ |
| ၁၄ | ဦးအောင်မင် | ဒု-ဥက္ကဌ | ။ |



*ပုံ(၁၂) နောင်ဆိုင်နှစ်ခြင်းအခရစ်ယာန် အသင်းတော် ဓမ္မဆရာများ*



*ပုံ (၁၃) နောင်ဆိုင်နှစ်ခြင်းအသင်းတော်ရှိ အသင်းသူ အသင်းသားများ*




*ပုံ(၁၄) နောင်ဆိုင်နှစ်ခြင်း ခရစ်ယာန် အသင်းတော်ရှိ အသက်အကြီးဆုံး ပုဂ္ဂိုလ်များ*

## (၃) နောင်ဆိုင်းကျေးရွာရှိ ကက်သလစ်ခရစ်ယာန် အသင်းတော်၏ သမိုင်းအကျဉ်း

၁၉၈၆ ခုနှစ် ဧပြီလတွင် ရှေးဦး ထုံးတမ်းဓလေ့ ကိုးကွယ်ယုံကြည်မှုမှ ကက်သလစ် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့သည်။ ဆရာကြီး **ဦးခဲနောင်နှင့်** ဦး **လုံရှမ်းတို့မှ**

ဘာသာဝင်ပေးခဲ့သည်။ အိမ်ခြေ ၂၅ အိမ် ပထမဆုံး ဘာဝင်ဝင်ခဲ့သည်။ ၁၉၈၇ ခုနှစ် ဖွန် ၁၅ ရက်နေ့တွင် ဆရာကြီး**ဦးယောဟန်ဝင်ယောင်း**အား တာဝန်ခံ ဆရာအဖြစ် ခန့်အပ် ဦးဆောင်စေခဲ့သည်။

**၁၉၉၁ ခုနှစ် ဖွန်လိုင်လ ၁၁ ရက်နေ့၌** နောင်ဆိုင်ကျေးရွာ တည်နေရာ မြေပြိုပျက်စီးခဲ့သောကြောင့် ကျေးရွာပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ၁၉၉၁ ခုနှစ် ဖွန်လိုင်လတွင် မြန်မာ့တပ်မတော်နှင့် KIA တို့ စစ်ဖြစ်ပွားခဲ့သဖြင့် အခက်အခဲမျိုးဆုံ ရင်ဆိုင်ကြုံတွေ့ ခဲ့ရပါသည်။ ယင်းအကြောင်းအရင်းများကြောင့် ကက်သလစ်ဘာသာဝင် မိသားစုအချို့သည် ရွာပြောင်းရွှေ့ခဲ့ကြသည်။

၂၀၀၃ ခုနှစ် မေလတွင် နန်းယွန်းမြို့နယ် လွန်းနိကျေးရွာမှ ဘာသာဝင် မိသားစု ၁၄ အိမ်သည် နောင်ဆိုင်ကျေးရွာသို့ ပြောင်းရွှေ့ ရောက်ရှိလာခဲ့သည်။ လက်ရှိတွင် နောက်ဆိုင်ကျေးရွာ၌ ကက်သလစ် ဘာသာဝင် အိမ်ထောင်စုပေါင်း ၂၈ အိမ် ရှိသည်။

| ဇယား (၆): နောက်ဆိုင်ကျေးရွာ ကက်သလစ်ဘာသာဝင် အသင်းတော်၏ ဓမ္မအမှု တော်ဆောင်များ | | | |
|---|---|---|---|
| စဉ် | အမည် | တာဝန် | မှတ်ချက် |
| ၁ | ဦးယောဟန်ဝင်ယောင်း | တာဝန်ခံ | ၁၉၈၇ တွင်ခန့်အပ်ခဲ့သည် |
| ၂ | ဦးကပ်ဆင် | လက်ထောက် | ။ |
| ၃ | ဦးလှထွန်း | ဉက္ကဋ္ဌ | ဂေါပကအဖွဲ့ |
| ၄ | ဦးဝါရှမ်း | အတွင်းရေးမှူး | ။ |
| ၅ | ဦးမာကု တူးကဲ | သင်းထောက် | ၂၀၀၃ ခုနှစ်တွင် ခန့်အပ် |
| ၆ | ဦးရားဂေါ် | အကျိုးတော်ဆောင် | ဂေါပကအဖွဲ့ |
| ၇ | ဦးကွမ်းနဲ | ဉက္ကဋ္ဌ | ။ |




*ပုံ(၁၅) ကက်သလစ်အသင်းတော် ဆရာများနှင့် အသင်းတော် ကော်မတီဝင်တို့၏ မှတ်တမ်းဓာတ်ပုံ*



ပုံ(၁၆)  ကက်သလစ်နှင့် နှစ်ခြင်းခရစ်ယာန်အသင်းတော် လူငယ်တို့၏ စုပေါင်းခရစ္စမတ်သီချင်း သီဆိုနေစဉ်

## ၄။ နောင်ဆိုင်ကျေးရွာ၏ ကျောင်းပညာရေးသမိုင်း အကျဉ်း



*ပုံ(၁၇) နောင်ဆိုင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း*

ခုနစ်တွင် နောင်ဆိုင်ကျေးရွာ မြေပြိုမှုကြောင့် နောင်ဆိုင်နှင့် တကုန်းဟူ၍ ကျေးရွာ နှစ်ခု ဖြစ်လာသည်။ ၎င်းမြေပြိုမှုကြောင့် ၁၉၉၁-၉၂ ပညာသင်နှစ်တွင် အင်ရွှန်းဆိုင်ရှင်ကို အင်ရွှန်းအုပ်စုသို့ ပြန်လည်ဖွင့်လှစ်စေခဲ့သည်။

၁၉၉၂ ခုနှစ်တွင် အင်ရွှန်းရွာ ပြောင်းသွားသောကြောင့် အမက အင်ရွှန်းဆိုင်ရှင်အား အမက တကုန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ အမက တကုန်းကျောင်းသို့ နောင်ဆိုင်ရွာမှ ကျောင်းသူ/သားများ ပညာသွားရောက်သင်ယူရန် အခက်အခဲရှိခဲ့သဖြင့် တကုန်းကျောင်းခွဲအဖြစ် နောင်ဆိုင်ရွာတွင် ကိုယ်ထူကိုယ်ထကျောင်းတစ်ခုကို ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပညာသင်နှစ်အထိ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၂၀၁၁ မှ ၂၀၁၄ ခုနှစ်အထိ လစ်လင်းကမ်း ဆိုင်ရှင်အား နောင်ဆိုင်တွင် ယာယီဖွင့်လှစ်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ အမက နောင်ဆိုင်ကျောင်းကို ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၁၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

**ဇယား (၇): ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာမှ ခန့်အပ်ပေးနိုင်ခဲ့သည့် ကျောင်းဆရာ/မ များ**

| စဉ် | အမည် | တာဝန်ကာလ |
|---|---|---|
| ၁ | ဦးသွေချော | ၂၀၀၃ မှ ၂၀၀၄ |
| ၂ | ဦးတူချော | ၂၀၀၄ မှ ၂၀၀၅ |
| ၃ | ဒေါ်ဟွန်းကျင်း(မ်) | ၂၀၀၅ မှ ၂၀၀၆ |
| ၄ | ဒေါ်ရိထွေး | ။ |
| ၅ | ဦးဆင်း(မ်)ကဲ | ၂၀၀၆ မှ ၂၀၀၇ |
| ၆ | ဒေါ်ရိထွေး | ။ |
| ၇ | ဒေါ်ဟွမ်းချွမ်း | ၂၀၀၇ မှ ၂၀၀၈ |
| ၈ | ဒေါ်ရွှယ်တော | ။ |
| ၉ | ဦးယိန်ဝါး | ၂၀၀၈-၂၀၀၉ |
| ၁၀ | ဒေါ်ငန်းနန်းဦး | ။ |
| ၁၁ | ဦးကွမ်းယုန် | ၂၀၀၉ -၂၀၁၀ |
| ၁၂ | ဦးယပ်သောင် | ၂၀၁၈-၁၉ |
| ၁၃ | ဒေါ်ဘီကျင်း | ၂၀၁၉-၂၀ |

## အခန်း (၃)

## နောင်ဆိုင်နှင့် တကုန်းကျေးရွာ၏ ထုံးတမ်းဓလေ့ မြေယာစီမံခန့်ခွဲခြင်း

**(က) မြေအမျိုးအစား သတ်မှတ်ခြင်း နှင့် မြေအသုံးချခြင်း**

နောင်ဆိုင်နှင့် တကုန်းကျေးရွာတို့၏ မြေယာပိုင်ဆိုင်မှုကို **(၁)လယ်မြေ၊ (၂) တောင်ယာမြေ၊ (၃) ရေထိန်းတော၊ (၄)စားကျက်မြေ၊ (၅) ကျေးရွာပိုင်ထိန်းတော၊ (၆) ဝင်ငွေရ သီးနှံစိုက်ပျိုးမြေ၊ (၇) သုသာန်မြေ၊ (၈) ကျေးရွာတိုးချဲ့မြေ (၉) သမိုင်းဝင် အထင်ကရမြေ၊ (၁၀) သာသနာပိုင်မြေ၊ (၁၁) ကျေးရွာလူထု၏ ဘုံပိုင်မြေ** နှင့် **(၁၂) ရိုးရာအဖွဲ့အစည်း ပိုင်မြေ**ဟူ၍ မြေအမျိုးအစားများကို ခွဲခြား သတ်မှတ် နိုင်သည်။

**၁။လယ်မြေ**

လယ်မြေပိုင်ဆိုင်ခြင်းနှင့် လယ်လုပ်ငန်း လုပ်ကိုင်ခြင်းသည် ကျေးရွာနေ ပြည်သူ၏ အဓိက မှီခို အားထားရသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်။ စုစုပေါင်း လယ်မြေ **(၁၀၂၁) ဧက** ရှိသည်။

**၂။ အနားပေး ရွှေ့ပြောင်း တောင်ယာမြေ**

နေ့စဥ် လတ်တလော လူမှုဘဝ လိုအပ်ချက် အဖုန်ဖုန်ကို ဖြည့်ဆည်းနိုင်ရေးအတွက် တောင်ယာလုပ်ငန်းကို ရာသီအလိုက် လုပ်ကိုင်လျက် ရှိသည်။ ဘိုးဘေးတို့ လက်ထက်၌ လူဦးရေ နည်းပါးသောကြောင့် တောရိုင်းကိုသာ တောင်ယာအဖြစ် နှစ်စဉ် ရှင်းလင်း လုပ်ကိုင်ခဲ့သည်။

၁၉၇၀ ဝန်းကျင် နောက်ပိုင်းတွင် လူဦးရေထူထပ်လာပြီး မြေနေရာများ ရှားပါးလာခြင်းကြောင့် တောနတောင်ယာဟောင်းမြေကိုလည်း အလှည့်ကျအနားပေး စနစ်ဖြင့် လုပ်ကိုင်လာကြရသည်။ အိမ်ထောင်မိသား စုတိုင်းသည် လယ်မြေနှင့် တောင်ယာကို နှစ်စဉ်ရာ သီအလိုက် မဖြစ်မနေ စိုက်ပျိုးလုပ်ကိုင်ကြသည်။ နောင်ဆိုင်တကုန်း ကျေးရွာ၏ ရွှေ့ပြောင်း တောင်ယာမြေ အကျယ်အဝန်းမှာ စုစုပေါင်း **(၁၆၁၈ ) ဧက** ရှိသည်။

**၃။ ရေထိန်းတော**

နောင်ဆိုင်နှင့် တကုန်ကျေးရွာပိုင် ရေထိန်းတောများသည် ကျေးရွာပိုင် ရိုးရာထိန်းတောဖြစ်သည်။ လက်ရှိကျေးရွာတွင် အသုံးပြုသည့် အဓိက သောက်သုံးရေအရင်းအမြစ်

စမ်းချောင်းများသည် ထိုကျေးရွာပိုင် ထိန်းတောများတွင် ချောင်းဖျားခံသည်။ ရေထိန်းတော မြေနေရာ၏ စုစုပေါင်း အကျယ်အဝန်းမှာ **(၃၀၅) ဧက** ကျယ်ဝန်းသည်။

### ၄။ စားကျက်မြေ

တကုန်းကျေးရွာဟောင်း ကုန်းကြောသည် စားကျက်မြေဖြစ်သည်။ ကျွဲနှင့် နွားကို စားကျက်ချထားလျက်ရှိသည်။ ဆိတ်ကို ရွာပြင်ပတွင် စာကျက်ထားပါက ပျောက်ဆုံးပျက်စီးသည့် အတွေ့အကြုံများရှိခဲ့သောကြောင့် ရွာတွင်း မြက်ခင်းများ၌ စာကျက်ချသည်။ စာကျက်မြေမှာ **(၂၃၀) ဧက** ကျယ်ဝန်းပါသည်။

### ၅။ ကျေးရွာပိုင်ထိန်းတော

ကျေးရွာပိုင်ထိန်းတော တည်တံ့ရေးသည် ကျေးရွာလူထုအတွက် အသက်နှင့်အမျှပင် လွန်စွာ အရေးပါလျက်ရှိသည်။ နာဂရိုးရာ အိမ်ဆောက်လုပ်ရာတွင် လိုအပ်သည့် သစ်ကြီး၊ ဝါးကြီး သစ်ဝါးအရွယ်မျိုးစုံကို ကျေးရွာပိုင် ထိန်းတောမှ စည်းကမ်း တကျ ထုတ်ယူသည်။ ထိန်းတောကို ရေထိန်းတောအဖြစ် ထိန်းသိမ်းထားသည့်အပြင် တစ်ခါတစ်ရံတွင် ရိုးရာဓလေ့ အမဲလည်ရန် အသုံးဝင်ပါသည်။ နောင်ဆိုင်နှင့် တကုန်း ကျေးရွာတို့၏ ကျေးရွာဘုံပိုင် ထိန်းတောမှာ **(၇၉၇) ဧက** ရှိသည်။

### ၆။ အမြဲတမ်းစိုက်ခင်းမြေ (ဝင်ငွေရသီးနှံစိုက်ပျိုးမြေ)

ဝင်ငွေရ သီးနှံစိုက်ခင်းသည် **တကုန်းပြန့် (တကောင့်လ်တန်း)** ချောင်းကမ်းဘေးဝဲယာ တစ်လျှောက်တွင် တည်ရှိသည်။ ထိုနေရသည် မြေဩဇာအလွန်ကောင်းမွန်သဖြင့် ဖာလာ၊ ပိန္နဲ၊ လိမ္မော်၊ မာလကာ၊ ငှက်ပျော၊ မြေထောက်ပဲ၊ လဖက်၊ ဘိန်း၊ တောထန်းပင် နှင့် ဝါးအမျိုးမျိုးတို့ကို စိုက်ပျိုးရာတွင် အထူးကောင်းမွန်သည်။ စုစုပေါင်း ဝင်ငွေရသီးနှံစိုက်ပျိုးမြေ ဧရိယာအကျယ်အဝန်းမှာ **(၂၂၄၆) ဧက** ရှိသည်။

**၇။ သုသာန်မြေ။** တကုန်းကျေးရွာနှင့် နောင်ဆိုင်ရွာကြား ကားလမ်းဘေးအထက်တွင် တည်ရှိပြီး **(၂၁) ဧက** ကျယ်ဝန်းသည်။

**၈။ ကျေးရွာတိုးချဲ့မြေ။** နောင်ဆိုင်နှင့်တကုန်းကျေးရွာကြား ကားလမ်းအထက်ပိုင်းသည် ကျေးရွာတိုးချဲမြေ ဖြစ်သည်။ ဧရိယာ အကျယ်အဝန်း **(၈၃) ဧက** ရှိသည်။

**၉။ သမိုင်းဝင်အထင်ကရနေရာ။** အထင်ကရ နေရာများတွင် နောင်ဆိုင်အင်း၊ ဆားတွင်း၊ ဘိုးဘွားတို့ စိုက်ထူထားခဲ့သည့် ပိုင်နက်အမှတ် ကျောက်တိုင်၊ ၁၉၉၁ ခုနှစ်တွင် မြေပြိုပျက်စီး သွားခဲ့သည့် နောင်ဆိုင်ကျေးရွာ တည်နေရာဟောင်း တို့ပါဝင်သည်။

**၁၀။ သာသနာပိုင်မြေ။** သာသနာပိုင်မြေတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်များ၊ ဆုတောင်းကုန်းတို့ ပါဝင်သည်။ နောင်ဆိုင်နှစ်ခြင်း ခရစ်ယာန် အသင်းတော်၏ ဘုရားကျောင်းဝင်း **(၅) ဧက၊** တကုန်းနှစ်ခြင်း ခရစ်ယာန် အသင်းတော်၏ ဘုရားကျောင်းဝင်းမြေ **(၅) ဧက**နှင့် နောင်ဆိုင် ကက်သလစ် ခရစ်ယာန် အသင်းတော်၏ ဘုရားကျောင်းဝင်းနေရာ **(၅) ဧက** အသီးသီးဖြစ်သည်။

**၁၁။ ကျေးရွာလူထု၏ အခြားဘုံပိုင်မြေများ။** ကျေးရွာလူထု၏ ဘုံပိုင်မြေတွင် စာသင်ကျောင်းဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဆေးပေးခန်း တို့ပါဝင်သည်။ နောင်ဆိုင်ကျေးရွာ စာသင်ကျောင်းဝင်း **(၁၀) ဧက**နှင့် တကုန်းကျေးရွာ **စာသင်ကျောင်းဝင်း (၁၃) ဧက** ကျယ် ဝန်းသည်။ ဆေးပေးခန်းဝင်းမြေမှာ **(၄) ဧက** ရှိသည်။


**၁၂။ ရိုးရာအဖွဲ့အစည်းပိုင်မြေ။** စုစုပေါင်း **(၈) ဧက** ကျယ်ဝန်းသည်။ ရိုးရာအဖွဲ့အစည်းပိုင်မြေတွင် ရိုးရာပွဲကွင်းနှင့် ရိုးရာရုံးရာထား နေရာတို့ပါဝင်သည်။

**ဇယား(၈) နောင်ဆိုင် နှင့် တကုန်းကျေးရွာပိုင် နယ်နိမိတ်အတွင်းရှိ မြေအမျိုးအစားနှင့် အကျယ်အဝန်း**


| စဉ် | မြေအမျိုးအစားအမည် | ဧရိယာ အကျယ်အဝန်း (ဧက) |
|---|---|---|
| ၁ | ဆေးပေးခန်း | ၄ |
| ၂ | ကျောင်းဝင်းမြေ | ၂၃ |
| ၃ | သုသာန်မြေ | ၂၁ |
| ၄ | ခရစ်ယာန်အသင်းတော်များပိုင်မြေ | ၁၅ |
| ၆ | ရိုးရာဓလေ့အမဲလည်ထိန်းတော | ၂၆၂၈ |
| ၇ | ကျေးရွာလူထု၏ ဘုံပိုင်ထိန်းတော | ၇၉၇ |
| ၈ | ကျေးရွာတိုးချဲ့မြေ | ၈၃ |
| ၉ | တကုန်းရွာတည်နေရာ | ၉၅ |

| | | |
|---|---|---|
| ၁၀ | နောင်ဆိုင် ရွာတည်နေရာ | ၁၃၈ |
| ၁၁ | စားကျက်မြေ | ၂၃၀ |
| ၁၂ | လယ်မြေ | ၁၀၂၁ |
| ၁၃ | အမြဲတမ်းစိုက်ခင်းမြေ | ၂၂၄၆ |
| ၁၄ | အနားပေးရွှေ့ပြောင်းတောင်ယာ | ၁၆၁၈ |
| ၁၅ | ရိုးရာယဉ်ကျေးမှုပိုင်မြေ | ၈ |
| ၁၆ | အုပ်ချုပ်ရေးမှူးရုံးဝင် | ၄၅ |
| ၁၇ | ရေထိန်းတော | ၃၀၅ |
| **စုစုပေါင်း နယ်နိမိတ် ဧရိယာ အကျယ်အဝန်း (ဧက)** | | ၉၂၇၇ |

**ဇယား(၉) လယ်မြေအထောက်အထား ပိုင်ဆိုင်မှု**



နောင်ဆိုင် နှင့် တကုန်းကျေးရွာတို့၏ နယ်နိမိတ် အကျယ်အဝန်းနှင့် ရိုးရာထုံးတမ်းဓလေ့အရ စီမံခန့်ခွဲသော မြေအမျိုးအစားများပြ မြေပုံ



## အခန်း (၄)

## သစ်တော၊ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ရိုးရာဓလေ့ စည်းကမ်းများ

### ရိုးရာဓလေ့ထုံးတမ်းအရ သစ်တော၊ မြေယာ စီမံခန့်ခွဲမှု စနစ်

ဌာနေနာဂတိုင်းရင်းသားတို့သည် မြေယာနှင့် သစ်တော စီမံခန့်ခွဲမှု ရိုးရာဓလေ့ကို ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည်။ ဤရိုးရာ မြေယာစီမံခန့်ခွဲမှုစနစ်သည် မြေဗဟိုပြု လူမှုဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်တည်မြဲရေးကို တန်ဖိုးထားသည်။

ဌာနေနာဂလူမျိုး၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝသစ်တောထွက် အရင်းအမြစ်များကိုသာ အဓိက အခြေခံလျက်ရှိသည်။ ထို့ကြောင့် ထို သင့်လျော်သော မြေယာနှင့် သစ်တော စီမံခန့်ခွဲမှုစနစ်မှာ တန်ဖိုးထား၍ လက်ဆင့်ကမ်းရန် လိုအပ်သည့် ရိုးရာအမွေအနှစ် နှင့် ရိုးရာအမှတ်လက္ခဏာ တစ်ခုပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။

### (၁) ရိုးရာဓလေ့ အနားပေး ရွှေ့ပြောင်းတောင်ယာမြေဆိုင်ရာ စည်းကမ်း

နောင်ဆိုင်ကျေးရွာရှိ ဌာနေ တန်ရှန်းနာဂ မျိုးနွယ်စုတို့သည် မိမိတို့၏ နယ်နိမိတ်ပိုင်နက်မြေအတွင်း အများပိုင်မြေနေရာများမှအပ ကျန်တောရိုင်းများကို လွတ်လပ်စွာ စိုက်ပျိုးပိုင်ဆိုင်နိုင်သည်။ တောင်ယာ အနီးအနားရှိ တောရိုင်းဝန်းကျင်တို့ကိုလည်း တောင်ယာရှင်က ဆက်စပ်ပိုင်ဆိုင်နိုင်သည်။ မြေနေရာလုံလောက်မှုမရှိသည့် အခက်အခဲရှိသူတို့သည် တောင်ယာခင်းပိုင်ဆိုင်သူတို့ထံတွင် အကူအညီတောင်း ညှိနှိုင်းပြီးမှသာလျှင် နေရာသစ် သတ်မှတ်ခုတ်ထွင်ရှင်းလင်းနိုင်ပါသည်။

တစ်စုံတစ်ဦးက ပိုင်ဆိုင်ထားသည့် တောနကို ခုတ်ထွင်ရှင်းလင်းပါက ယင်းတောနကို လက်ဦးပိုင်ဆိုင်သူနှင့် အလေးထား ညှိနှိုင်းရန် မဖြစ်မနေ လိုအပ်ပါသည်။

### (၂) ရိုးရာဓလေ့ လယ်မြေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်း

နောင်ဆိုင်ကျေးရွာနေ မိသားစုတို့ပိုင်ဆိုင်သည့် လယ်မြေအများစုသည် တန်ဖိုးအမြင့်ဆုံး ဘိုးဘွားပိုင် အမွေများထဲမှ တစ်ခုဖြစ်သည်။ လယ်မြေ ခွဲဝေအသုံးပြုရန်နှင့် အထွေထွေစီမံချက်တို့ကို ညှိနှိုင်းဆောင်ရွက်ကြရာတွင် နာဂရိုးရာ ထုံးတမ်းဥပဒေသများကို အဓိကအသုံးပြုသည်။

မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းအရ လယ်မြေကို အမွေရရှိခြင်း ၊ကြောင်း လည်းကောင်း၊ ကျေးရွာ လူကြီး ရပ်မိရပ်ဖများတို့၏ ခွင့်ပြုချက်ဖြင့် လွတ်လပ်သော နေရာများကို တိုးချဲ့ခုတ်ထွင်ပြီး

စိုက်ပျိုးခြင်း အားဖြင့်လည်းကောင်း၊ တရားမျှတစွာ ရောင်းဝယ်ခြင်းနှင့် လွှဲပြောင်းခြင်း အားဖြင့် လည်းကောင်း ပိုင်ဆိုင်နိုင်သည်။

**(၃) အိမ်ဝင်း၊ ခြံဝင်း စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်း**

အခြားမြေပိုင်ဆိုင်မှုများကို ဖြစ်စေ အထူးသဖြင့် မိမိတို့ ပိုင်ဆိုင်ထားသည့် မြေပိုင်ဆိုင်မှုများကို ရောင်းဝယ်ရန် သို့မဟုတ် လွှဲပြောင်းပေးရန်အတွက် ကျေးရွာလူကြီးများသို့ ကြိုတင်အကြောင်းကြားပြီး အတိုင်ပင်ခံရမည် ဖြစ်သည်။ ထိုသို့ လိုက်နာ ဆောင်ရွက်ခြင်း မရှိဘဲ မြေယာ ရောင်းဝယ် လွှဲပြောင်းခြင်းကို ကျေးရွာစည်းမျဉ်း စည်းကမ်း အတိုင်း ထိုက်သင့်သည့်အလျောက် အရေးယူခြင်းကို ခံရမည် ဖြစ်သည်။

(၄) **မြေယာအပါအဝင် အခြားအမွေများကို ဆက်ခံခွင့်**

မရှေးမနှောင်းကာလအထိတိုင် အမွေအားလုံးကို သားယောကျာ်းများကသာ လက်ဆင့်ကမ်းရယူပိုင်ဆိုင်သည့် အားကောင်းသော ဓလေ့သည် ရေရှည်တည်တံ့နေခဲ့သည်။ ထိုစဉ်က သမီးမိန်းကလေးများ အိမ်ထောင်ကျလျှင် မိဘများက သီးနှံမျိုးကောင်းမျိုးသန့်နှင့် တိရိစ္ဆာန်မျိုးတို့ကို ဝေမျှပေးသည့် ဓလေ့ကောင်းတစ်ခုလည်း ထွန်းကားခဲ့သည်။ ယနေ့တွင် ကြီးမားသော ခေတ်ကာလ တိုးတက်ပြောင်းလဲလာမှုကြောင့် မိန်းကလေးများသည် မိဘ၏ အမွေပမာဏနှင့် အခြေအနေ တို့အပေါ် မူတည်ပြီးလျှင် မြေယာအမွေနှင့် အခြားမည်သည့်အမွေကိုမဆို အတော်အသင့် ရယူပိုင်ဆိုင်ခွင့်များ ရရှိလာပြီ ဖြစ်သည်။

**(၅) ရိုးရာအမဲလိုက်ခြင်း စည်းကမ်း**

အမဲလိုက်ရာတွင် နည်းလမ်း၊ စည်းကမ်းနှင့် ရည်ရွယ်ချက် အမျိုးမျိုးရှိသည်။ စီးပွားရေးအတွက် ၊ ဝင်ငွေ ရရှိရေး စသည့် ရည်ရွယ်ချက်ဖြင့် အမဲလိုက်ခြင်းကို လုံးဝ တားမြစ်ထားလျက်ရှိသည်။

**တောကောင်များကြောင့် စိုက်ပျိုးသီးနှံများ ဖျက်စီးပါက** ကျေးရွာခေါင်းဆောင်များထံ သတင်းပေး အကြောင်းကြားရသည်။ တိုင်ပင်ဆွေးနွေးပြီးလျှင် ကျေးရွာ၊ ရပ်ကွက်ရှိ မုဆိုး အဖွဲ့ငယ်ဖြင့် အကောင်ခြေရာကို နံနက်စောစော သွားရောက် ခြေရာခံရသည်။ မုဆိုးအဖွဲ့ငယ်သည် ရွာသို့

ပြန်လာပြီး ကျေးရွာလူကြီးများထံ အကြောင်းပြန်ကြားပေးရသည်။ ထို့နောက် ကျေးရွာလူကြီးများက ရွာဆော်ပြီး အမဲလိုက်ရပါသည်။

**လူနှင့် အိမ်မွေးတိရိစ္ဆာန်များကို အန္တရာယ်ဖြစ်စေသည့်** တောသားရဲကောင်များရှိလာလျှင်လည်း ရွာဆော်ပြီး အမဲလိုက် ကျွမ်းကျင်သည့် မုဆိုးများဖြင့် မဖြစ်မနေ ထိုတောကောင်ကို လိုက်လံသတ်ဖြတ်ရသည်။

**ရာသီအလိုက်** အသားစားရန် အမဲလိုက်သည့် ရိုးရာဓလေ့လည်း ရှိသည်။ အထူးသဖြင့် ရိုးရာနှစ်သစ်ကူးပွဲတော်၊ ကမ္ဘာ့နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပြု ပွဲသုံး ဟင်းလျာများအတွက် အမဲလိုက်ကြသည်။ တစ်ဦးတည်းသော်လည်းကောင်း၊ အမဲလိုက် အဖွဲ့ဖြင့်သော်လည်းကောင်း အမဲလိုက်သည်။ အမဲလိုက်ပြီး ရရှိလာသည့် တောကောင်ကို ခုတ်ထစ်ပြီး စည်းကမ်းတကျ၊ မျှမျှတတ ခွဲဝေရပါသည်။

## (၆) သီးနှံစိုက်ပျိုးခြင်း ထုံးတမ်းဓလေ့ စည်းကမ်း

ထုံးတမ်းဓလေ့အရ တိကျသော ရက်အချိန်ကို ရေတွက်ပြီး သီးနှံများကို စတင် စိုက်ပျိုးရသည်။ လဆန်း ၇ ရက်နေ့တွင်လည်းကောင်း လဆုတ် ၇ ရက်နေ့တွင်လည်းကောင်း စတင်စိုက်ပျိုးနိုင်သည်။ အခြားလ ဆန်းရက်များနှင့် လဆုတ်ရက်များတွင် သီးနှံစတင်စိုက်ပျိုးခြင်းကို သတိထား ရှောင်ကျဉ်ရပါသည်။ အခြား လဆန်းလဆုတ် ရက်များတွင် စတင်စိုက်ပျိုးသည့် သီးနှံများသည် အောင်မြင်မှု နည်းပါးပြီး ပိုးမွှားများက ဖျက်စီးတတ် ယုံကြည်ယူဆ ထားကြသောကြောင့် ဖြစ်သည်။

## (၇) သစ်၊ ဝါး၊ တောထွန်းရွက်များကို ခုတ်ယူစုဆောင်းခြင်း ဓလေ့စည်းကမ်း

ဆောက်လုပ်ရေးသုံး သစ်၊ ဝါး နှင့် တောထန်းရွက်များကို **လပြည့်နှင့် လကွယ်ရက်များ**တွင် ခုတ်ယူလေ့ ရှိကြသည်။ ထိုအချိန်တွင် သစ်၊ ဝါး နှင့် တောထန်းရွက်များ၌ အရည် အစေးများ ခမ်းခြောက် နေလေသည်။ ထို့ကြောင့် အရည်အစေးတို့ကို စားသုံးမှီခိုပြီး ရှင်သန်သည့် ပိုးမွှားများ၏ ဖျက်စီးမှုမှ ကြိုတင် ကာကွယ်နိုင်ပါသည်။

## (၈) တိရိစ္ဆာန်ထိန်းကျောင်းခြင်း စည်းကမ်း

ကျေးရွာဘုံပိုင် စားကျက်မြေမှအပ ကျွဲ၊ နွား၊ ဆိတ် စသည့် အိမ်မွေး တိရိစ္ဆာန်များကို စနစ်တကျ ထိန်းကျောင်းရမည် ဖြစ်သည်။ စည်းကမ်းကို လိုက်နာခြင်းမရှိသောကြောင့် ရာသီသီးနှံများ၊ အမြဲတမ်း သီးနှံစိုက်ခင်းများ ပျက်စီးပါက ကာလတန်ဖိုးအပြင် စီးကမ်းမလိုက်နာမှုဖြင့်

အရေးယူခြင်း ခံရမည်။ ၂ စည်းကမ်းကို လိုက်နာနေစဉ် မတောတဆ ဖြစ်ပျက်လျှင် ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

ကျေးရွာ ဘုံပိုင်ထိန်းတောများ အတွင်း ပေါက်ရောက်လျက်ရှိသည့် မည်သည့် အပင်ကိုမျှ ခုတ်ယူ ပျက်စီးစေခြင်း မရှိစေရ။ ထိန်းတောအတွင်း သစ်ပင်၊ ဝါးပင်၊ ငှက်ပျောပင် စသည့် အပင်များ ပေါက်ရောက် ရှင်သန်ခြင်း မရှိသည့် နေရာများတွင်လည်း တောင်ယာခုတ်ခြင်း၊ စိုက်ခင်းပြုလုပ်ခြင်း နှင့် အခြားမည်သည့် လုပ်ငန်းအတွက်မျှ ထိန်းတောမြေနေရာများကို အသုံးပြုခွင့် လုံးဝမရှိပေ။

ဤကျေးရွာပိုင် ထိန်းသိမ်းတောများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ပါက ကျေးရွာမှ သတ်မှတ်ထားသည့် ပြစ်မှုပြစ်ဒဏ်များကို ခံယူရမည်။ ကျေးရွာ၏ ဘုံသဘောတူ ဆုံးဖြတ်ချက်အရ ထိုက်တန်စွာ လျော်ကြေး ပေးရမည် ဖြစ်သည်။ လက်ရှိ

## (၉) စပါးခင်းနှင့်ဆိုင်သော ဓလေ့စည်းကမ်း

စပါးခင်း ဖူးပွင့်နေချိန် လယ်ရာ တောင်ယာခင်း နံဘေး၌ မီးဖူခြင်း၊ ဝါးမြစ်ချိုးခြင်း၊ ပန်းပဲလုပ်ငန်း လုပ်ကိုင်ခြင်း၊ တောကောင်များ မီးဖုတ်ခြင်းနှင့် ကြိမ်ခုတ်ခြင်း လုပ်ငန်းတို့ကို လုံးဝ ရှောင်ကြဉ်ကြသည်။

## (၁၀) လက်ဦးရယူမှု ပိုင်ဆိုင်ခြင်း စည်းကမ်း

ထုံးတမ်းဓလေ့အရ ကြက်ခြေခတ်၍ သို့မဟုတ် သုတ်ချောင်းချွန်၍ မှတ်သား ပိုင်ဆိုင်ထားသည့် သစ်ပင်ကို ဖြစ်စေ၊ မြေနေရာကို ဖြစ်စေ အခြားအရာများကို ဖြစ်စေ မေးမြန်းစုံစမ်းခြင်း မရှိဘဲ ထုတ်ယူ အသုံးပြုလေ့ မရှိပေ။ ဤစည်းကမ်းကို ချိုးဖောက်သူသည် အပြစ်ပေးခြင်း ခံရပြီး ထိုက်တန်သော လျော်ကြေးကို ပေးဆောင်ရမည်။

## (၁၁) ပဋိပက္ခဖြေရှင်းခြင်း ဓလေ့စည်းကမ်း

တန်ရှန်းနာဂတို့သည် မြေယာကိစ္စအပြင် နှစ်ဦးနှစ်ဖက်ကြား၌ အငြင်းပွားသော ပြဿနာ တစ်စုံတစ်ခု ပေါ်ပေါက်လာလျှင် ကျေးရွာ အုပ်ချုပ်ရေးရုံးသို့ စတင် တိုင်ကြားဆောင်ရွက်နိုင်သည်။ ထိုရုံး၏ ဆောင်ရွက်မှုဖြင့် အမှုမပြီး ပြတ်ဘဲရှိသော် ကျေးရွာအတွင်းရှိ နာဂရိုးရာခုံရုံး၊ ထို့နောက် မြို့နယ်နာဂရိုးရာ တရားစီရင်ရေး ခုံရုံးသို့ အဆင့်ဆင့် တိုင်ကြားနိုင်သည်။

ကျေးရွာရိုးရာခုံရုံးသည် ပြဿနာတစ်ခုကို ဖြေရှင်းလျှင် တရားမျှတမှုကို အခြေခံသည့် ရိုးရာထုံးတမ်းဓလေ့ စည်းကမ်းများကို အဓိကအခြေခံသည်။ မိမိတို့၏ ရိုးရာဓလေ့ ထုံးတမ်း စည်းကမ်းတို့သည် အကောင်းအဆိုးကို ပိုင်းဖြတ်ပေးသည့် စံတန်ဖိုးများဖြစ်သောကြောင့် လက်တွေ့ကျင့်သုံးရာတွင် ရှုပ်ထွေးမှု မရှိပေ။

ခက်ခဲနက်နဲသည့် အမှုအခင်းများကို မြို့နယ်အဆင့် ရိုးရာတရားရေး ခုံရုံး၌ ဖြေရှင်းသည်။ ထိုခုံရုံး၏ ရိုးရာ တရားသူကြီးအဖွဲ့၊ ရိုးရာရုံးဝန်ထမ်းအဖွဲ့နှင့် နာယကများတို့က အမှုများကို စီစစ်ပြီး မြို့နယ် ရိုးရာ တရားစီရင်ရေး ခုံရုံးအာဏာဖြင့် အဆုံးအဖြတ်ပေးလေ့ရှိသည်။ ခုံရုံး၏ အဆုံးအဖြတ်ကို ဝန်မခံလျှင် (သို့) ခုံရုံးအပေါ် ကိုယ်၊ နှုတ် အမူအရာများဖြင့် မထီလေးစားပြုလျှင် ရိုးရာခုံရုံး၏ အပြစ်ဒဏ်ပေးခြင်းကို ခံယူရမည် ဖြစ်သည်။

ရိုးရာထုံးတမ်းဓလေ့ နှင့် သမိုင်းများအရ အမှုဖြေရှင်းသည့် နောက်ဆုံးရလဒ်များကို ကျေးရွာနေ ပြည်သူလူထုက တန်ဖိုးထား လေးစားပြီး ဝန်ခံလေ့ရှိကြပါသည်။ နာဂရိုးရာဓလေ့ ထုံးတမ်းစည်းမျဉ်းစည်းကမ်းသည် ရှင်းလင်းမှုရှိသည့်အပြင် ထိုဓလေ့ကို လက်တွေ့ကျင့်သုံးသည့် ရိုးရာခေါင်းဆောင်နှင့် ရပ်မိရပ်ဖများတို့သည် လဒ်စား၊ လာဒ်ယူခြင်းကင်းရှင်းပြီး ပုံကောင်းသက်သေများ ပြသထားနိုင်သော ကြောင့်ဖြစ်ပါသည်။

ယနေ့တွင် ရပ်ရေးရွာရေး ကိစ္စတို့၌ ခေတ်လူငယ်များက ဦးဆောင်လာပါသည်။ သူတို့သည် ပဋိပက္ခများနှင့် အမှုအခင်းများကို ဖြေရှင်းရန် လိုအပ်လျှင် ထုံးတမ်းဓလေ့ကို နှံ့စပ်ကျွမ်းကျင်သည့် ရွာ၏ သက်ကြီးရွယ်အိုများနှင့် ရပ်မိရပ်ဖများကိုလည်း မှီခိုအားထားလျက် ရှိကြသည်

## အခန်း (၅)

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

### (၁) လယ်စပါး စိုက်ပျိုးခြင်း

လယ် ထွန်၊ ယက် စိုက်ပျိုးခြင်းသည် တကုန်းကျေးရွာနေ ဒေသခံတို့၏ အဓိက ဝမ်းစာဖူလုံရေး လုပ်ငန်းဖြစ်သည်။ လယ်မြေတွင် စပါးကိုသာ အဓိကထား စိုက်ပျိုးသည်။ ဧပြီလမှ ဖွန်လများအတွင်း လယ်ကို ထွန်ယက်သည်။ လက်လှဲခြင်း၊ ငွေကြေးဖြင့် ပုပ်ပြတ် ထွန်ယက်ခြင်း၊ နေ့စားလုပ်ခ ပေး၍ ထွန်ယက်ခြင်းနှင့် ရိုးရာနည်းအရ ကူညီလုပ်အားပေးခြင်းတို့ဖြင့် လယ်မြေကို ဝိုင်းဝန်း ထွန်ယက်ကြသည့် ဓလေ့ကောင်းများ ရှိသည်။ ဩဂုတ်လ နှင့် စက်တင်ဘာလများတွင် လယ်စပါးခင်းများမှ ပေါင်းပင်များကို ရှင်းလင်းကြပြီး အောက်တိုဘာလ မှ နိုဝင်ဘာလကုန် အထိ လယ်စပါး ရိပ်သိမ်းကြသည်။



*ပုံ(၁၈) လယ်ယာစိုက်ခင်းပုံ*

လယ်မြေတွင် ဖုန်းရဲ (ခွံနီ)၊ ခေါလ်ကျီ (ကောက်ကြီး) ၊ ဇမ့်တဒ် (ရွှေရင်အေး) ၊ ရိုင့်တမ့် (ကုလားကြီး) နှင့် ဇမ့်ရှဒ် (အကြွေးကြေ)၊ ခုနစ်ရာဘို စသည့် စပါးမျိုးတို့ကို အဓိကစိုက်ပျိုး လျက်ရှိကြသည်။

## (၂) အနားပေး ရွှေ့ပြောင်းတောင်ယာ လုပ်ငန်း

ထုံးတမ်းဓလေ့ ကျင့်သုံးသည့် ရွှေ့ပြောင်း တောင်ယာစနစ်သည် မြေအလှေ့ကျ အနားပေးသည့် စနစ် ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာ လုပ်ငန်းသည် ဝမ်းစာဖူလုံရေးအတွက် ဒုတိယအရေး အပါဆုံးဖြစ်ပြီး အခြား ဟင်းသီးဟင်းရွက် ရရှိရန်နှင့် အိမ်မွေးတိရိစ္ဆာန်များအတွက် အစားအစာ ရရှိရန် လုပ်ကိုင်ကြသည်။




*ပုံ (၁၉) တောင်ယာ စပါးခင်းနှင့် ပီလောပီနံစိုက်ခင်း*

တောင်ယာကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ရှင်းလင်းပြီး မတ်လတွင် မီးရှို့ကာ ဧပြီ၊မေလများတွင် စိုက်ပျိုးကြသည်။ စပါးကို စူးထူးစိုက်သည်။ စပါးစိုက်သည့် လုပ်ငန်းကို နီးစပ်ရာ အပေါင်းအသင်း အစုအဖွဲ့များဖြင့် တောင်ယာ တစ်ကွက်ပြီးလျှင် တစ်ကွက်သို့ ကူညီ စိုက်ပျိုးကြသည်။ စပါးအပြင် ပြောင်း၊ ဖရုံအမျိုးမျိုး၊ သခွား၊ နှမ်း၊ ပဲပုပ်၊ ပိန်းဥ၊ ငရုပ်၊ ကြက်သွန်စသည့် သီးနှံများကိုလည်းကြားညှပ်၍လည်းကောင်း သီးထပ်၍လည်းကောင်း စိုက်ပျိုးကြသည်။

## (၃) ဝင်ငွေရ သီးနှံစိုက်ပျိုးခြင်း


ဝင်ငွေရရှိရန် **ဖို့စိုင့်** (ဖာလာ)နှင့် **ဖိုဒ်လပ်**(လက်ဖက်)ကို နှစ်မျိုးစိုက်ပျိုးသည့်အနက် ဖာလာကို အဓိက စိုက်ပျိုးသည်။ တစ်နှစ်နှင့် တစ်နှစ် ဖာလာသီး ထွက်နှုန်းမှာ အလွန်ကွာခြားလျက် ရှိသည်။ သီးနှုန်းတိုးသည့် နှစ်တွင် ဖာလာစိုက်ခင်း ၁ ဧကလျှင် ကီလို ၆၀ ကျော်ခန့် ထုတ်ယူ ရရှိသည်။

ဖာလာကို မိုးရာသီ အဦးပိုင်းတွင် စိုက်ပျိုးပြီး အသီးကို ဩဂုတ်လတွင် ခူးယူနိုင်ပါသည်။ တောထန်း၊ ကြက်သွန်၊ အာလူး၊ ငရုပ်၊ မုန်ညင်းတို့ကိုလည်း ဝင်ငွေရရှိရန် အနည်းအကျဉ်း စိုက်ပျိုးကြသည်။



*ပုံ(၂၀) ဝင်ငွေရရှိစေသည့် ဖာလာ၊ တောထန်း၊ လက်ဖက်နှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ*

*ဇယား(၁၀) ဝမ်းစာဖူလုံမှု အခြေအနေ*



## (၄) မွေးမြူရေးလုပ်ငန်း

ကျွဲနှင့် နွားကို လယ်ယာလုပ်ငန်းတွင် ခိုင်းစေရန်နှင့် စားသုံးရန် မွေးမြူသည်။  ဆိတ်၊ ဝက်၊ ကြက်နှင့် ဘဲတို့ကို စားသုံးရန်နှင့် ဝင်ငွေရရှိရေးအတွက် တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ ဝက်ကို ခြံလှောင်မွေးမြူပြီး ကျွဲနွားများကိုမူ စားကျက်မြေအတွင်း စနစ်တကျ လွှတ်ကျောင်းခြင်းနှင့် ထိန်းကျောင်းခြင်း စနစ်ဖြင့် မွေးမြူသည်။



*ပုံ (၂၁) ကောက်သိမ်းပြီးချိန် လွှတ်ကျောင်းထားသည့် ကျွဲ၊ နွားများကို မြင်တွေ့ရစဉ်*

## (၅) ရိုးရာလက်မှုလုပ်ငန်း လုပ်ကိုင်ခြင်း

တကုန်းကျေးရွာ ရိုးရာလက်မှု လုပ်ငန်းမှ ရရှိသည့် အသုံးအဆောင်များမှာ ဖျာ၊ စကော၊ ခြင်းတောင်းအမျိုးမျိုး၊ စပါးပုပ်၊ ပလုံး၊ ပလိုင်း၊ ခြင်းကြား၊ ထိုင်ခုံ၊ စားပွဲ စသည့်တို့ ဖြစ်သည်။ ၎င်းတို့ကို ခိုင်ခံ့မှုရှိသည့် ကြိမ်နီးဖြင့် အဓိက ရက်လုပ်ကြသည်။

သစ်သားဖြင့် ပြုလုပ်သည့် ရိုးရာအသုံးအဆောင်များမှာ ပင်းကောလှေ၊ စပါးကြိတ်ရန်အတွက် ခြေမောင်းစုံ၊ ရေမောင်းစုံ၊ လက်ထောင်းစုံ၊ ရိုးရာစားအိမ်၊ သေနပ်ဒင်၊ ရိုးရာ ရက်ကန်းစင်၊ ဒူးလှဲ၊ ထွန်တုံး၊ သေတ္တာ၊ စားပွဲ၊ ရိုးရာခေါင်းအုံး စသည်တို့ ဖြစ်သည်။  ဓားရိုး၊ ပေါက်ရိုး၊ ရိုးရာခေါင်ရည်ဗူး၊ ရိုးရာရေခွက်၊  သောက်ရေဗူး စသည့် အသုံးအဆောင်များကို ဝါးဖြင့် ပြုလုပ်ကြသည်။

**(၆) ရိုးရာ ပန်းပဲ ထုလုပ်ငန်း**

ပန်းပဲလုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်ကိုင်သူများ ရှိသည်။ ဓား၊ လှံ၊ သိုမီးသေနပ်၊ ပေါင်းချိတ် သံကွင်း၊ ဖိုခနောက်၊ တူးရွင်းပြား၊ ဆောက် စသည့်တို့ကို ရိုးရာ ပန်းပဲဖိုတွင် ထုလုပ်ကြသည်။


**(၇) ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်း**

စားသုံးရန်အတွက် ငါးများကို မျှောထောင်ခြင်း၊ ချောင်းလွှဲခြင်း၊ ကွင်ပစ်ခြင်းနှင့် ငါးဆေးခတ်ခြင်း စသည့် ရိုးရာနည်းများဖြင့် ဖမ်းယူကြသည်။ ရိုးရာဓလေ့ဖြင့် ငါးဆေးခတ်ရန်အတွက် ဖျဲရှန်းနွယ်ခေါက်၊ ရောင့်ပမ်းနွယ်ခေါက်၊ ရောင့်ချိုပင်မြစ်၊ လဖော့ပင်ခေါက်၊ ဖျေးဂေါ်ဒ်သီးနှင့် စောဖျေယ် တို့ကို အသုံးပြုသည်။ **ဖေးတမ့်သီး**ကို ငါးဆေးခတ်ရန် အသုံးပြုနိုင်သော်လည်း ရိုးရာဓလေ့အရ အထူးသဖြင့် အသုံးပြုရန် ရှောင်ရှားကြရသည်။ ချောင်းတွင် လူရေနစ်သေဆုံး သောအခါမှသာလျှင် ချောင်းရေကို လက်စားချေရန် အသုံးပြုလျက်ရှိသည်။


**(၈) တောထွက်အရင်းအမြစ် ရှာဖွေစုဆောင်းခြင်း**

လူသုံးကုန်များဖြစ်ကြသည့် ကြိမ်အမျိုးမျိုး၊ ဂါးအမျိုးမျိုး၊ သစ်အမျိုးမျိုး၊ သင်းခွေချပ်၊ တစ်ပင်တိုင်၊ သစ်ခွပင်၊ ဆား၊ တောထွက် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များနှင့် အသားငါး တို့ကို ကျေးရွာပိုင် သစ်တောများမှ ရရှိသည်။ အချို့ကို အသုံးပြုရန်နှင့် အချို့ကို ဝင်ငွေရရှိရန် ထုတ်ယူစုဆောင်းကြသည်။

***ဇယား(၁၁) ဝင်ငွေရရှိနိုင်သော ကဏ္ဍများ***



ဇယား(၁၂)




## အခန်း (၆)

## မြေယာနှင့် ရိုးရာယဉ်ကျေးမှု ဆက်နွယ်ခြင်း

**၁။ နောက်ဆက်တွဲ အချက်အလက်များ**

**ဇယား(၁၃) ထုံးတမ်းဓလေ့ ခေတ်အဆက်ဆက် ကျင်းပခဲ့သော ပွဲတော်များ**

| စဉ် | ပွဲတော်အမည် | ကျင်းပသည့် ရည်ရွယ်ချက် |
|---|---|---|
| ၁ | ဝီဟူးကုဒ် (နာဂရိုးရာနှစ်သစ်ကူးပွဲတော်) | နာဂလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန် |
| ၂ | ခရစ္စမတ်ပွဲတော် | ယေရှုခရစ်တော်၏ မွေးနေ့တော်ကိုကြိုဆို အောက်မေ့ရန် |
| ၃ | ကျမ်ဝီကုဒ် | ရရှိသည့် ကောက်ပဲသီးနှံအတွက် ဘုရားသခင်၏ ကောင်းကြီး |

| | | |
|---|---|---|
| | (ကောက်သစ်စားပွဲ ) | မင်္ဂလာကို ရေတွက် ချီးမွမ်းရန် |
| ၄ | ယန်းဖားကုဒ် | ကောက်စိုက်အထိမ်းအမှတ်ပွဲ |
| ၅ | မွှေး | တောင်ယာစပါးစိုက် အပြီးသတ်သည့် နေ့တွင် ပေါင်းသင်းဝါး ထမင်းပေါင်း၍ ပွဲကျင်းပသည် |
| ၆ | ကျမ်ယပ်တောက်ကုဒ် | ဝမ်းစာမဖူလုံသဖြင့် သစ်တောမှ သစ်ဥသစ်မြစ်များကို ရှာဖွေစု ဆောင်းခြင်းကို ရပ်တန့်ပြီး ကောက်သစ်စပါး ခေါ်ဖိတ်ပွဲ ကျင်းပခြင်း |
| ၇ | စကော်ဘား | ကောက်ရိပ်သိမ်းကြောင်း ပွဲတော်ဆင်နွှဲကျင်းပခြင်း |

ဇယား(၁၄) လုပ်ငန်းလည်ပတ်ပုံ ရာသီစက်ဝန်း

| လ | လုပ်ငန်းအမျိုးအမည် |
|---|---|
| **ဇန်နဝါရီ** | ၁။ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပခြင်း၊ ကမ္ဘာ့နှစ်သစ်ကူး အထိမ်းအမှတ် ပြုလုပ်ခြင်း<br>၂။ အားကစားပွဲများ ကျင်းပခြင်း၊ တောင်ယာခင်း စတင်ရှင်းလင်းခြင်း<br>၃။ ရိုးရာနေအိမ်ဆောက်လုပ်ရေးအတွက် သစ်ဝါးစုဆောင်းခြင်း<br>၄။ ထိမ်းမြားဆောင်နှင်းပွဲများနှင့် အခြားလူမှုရေး လုပ်ငန်းများ |
| **ဖေဖော်ဝါရီ** | ၁။ တောင်ယာသစ် ခုတ်ထွင်ခြင်း၊ တောင်ယာဟောင်း ရှင်းလင်းခြင်း<br>၂။ နေအိမ်ဆောက်လုပ်ခြင်း၊ ထင်းခွဲခြင်း |
| **မတ်** | ၁။ ကောက်စောစပါးစိုက်ပွဲများ ကျင်းပခြင်း၊<br>၂။ စပေါ့လော့ အက သီဆိုကပြခြင်း။<br>၂။ နှမ်း၊ ဖရုံ စသည့် စပါးခင်းကြားညှပ် သီးနှံများ စိုက်ပျိုးသည်။ |
| **ဧပြီ** | ၁။ ကောက်ကြီးစပါးစိုက်ပျိုးခြင်း၊ ကျွဲခြံကာခြင်း၊ လက်ဖက်ခူးခြင်း<br>၂။ ရာသီအလိုက် ဖြစ်သည့် ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးခြင်း<br>၃။ တောထန်း၊ ဝါး၊ ဖာလာ စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း |
| **မေ** | ၁။ လယ်လုပ်ငန်းအတွက် ပျိုးထောင်ခြင်းနှင့် လယ်ထွန်ယက်ခြင်း<br>၂။ လက်ဖက်ခူးယူခြင်း |
| **ဇွန်** | ၁။ လယ်စပါး စိုက်ပျိုးခြင်း၊ အချို့တောင်ယာစပါး |

| | |
|---|---|
| | စိုက်ပျိုးချိန်ဖြစ်သည်။ |
| ဖွားလိုင် | ၁။ လယ်စပါးစိုက်ပျိုးခြင်း |
| သြဂုတ် | ၁။ ဖာလာသီး ခူးယူ စုဆောင်းခြင်း၊ လယ်ပေါင်းပင် ရှင်းလင်းခြင်း<br>၂။ လမ်း၊တံတားများ ပြုပြင်မွမ်းမံခြင်း၊ ရွာပတ်ဝန်းကျင် သန့်ရှင်းစေခြင်း |
| စက်တင်ဘာ | ၁။ တောင်ယာ ကောက်စော စပါး ရိပ်သိမ်းခြင်း<br>၂။ အိမ်ဆောက်လုပ်ရန် အိမ်တိုင်များ ကြိုတင်ခွဲယူ စုဆောင်းခြင်း |
| အောက်တိုဘာ | ၁။ ကောက်သစ်စား ကျေးရူးတော် ရေတွက်ချီးမွမ်းခြင်း ပွဲတော်<br>၂။ အမ်ပိုင်း တောင်ယာစပါး ရိတ်သိမ်းခြင်း |
| နိုဝင်ဘာ | ၁။ လယ်စပါးရိတ်သိမ်းခြင်း |
| ဒီဇင်ဘာလ | ၁။ ခရစ္စမတ်ပွဲတော် ကျင်းပခြင်း ၊ အားကစားပွဲများ ကျင်းပခြင်း<br>၂။ လူမှုရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပေးခြင်း |

ဇယား(၁၅) နောင်ဆိုင်ကျေးရွာ သမိုင်းပြုစုရေးကော်မတီ အဖွဲ့ဝင်များ

| စဉ် | အမည် | ကျေးရွာတွင် လက်ရှိတာဝန် |
|---|---|---|
| ၁ | ဦးဒေးလောင် | ကျေးရွာအုပ်ချုပ်ရေးမှူး |
| ၂ | သိက္ခာတော်ရ ဆရာဦးချင်းတူး | ဘာသာရေးအမှုဆောင်ဆရာ |
| ၃ | ဦးက္ကဇက် | လူငယ်တာဝန်ခံ |
| ၄ | ဦးရပ်တောင် | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၅ | ဦးမောဒမ်း | ကျေးရွာရပ်မိရပ်ဖ |
| ၆ | ဦးဆန်းနတ် | ။ |
| ၇ | ဦးရှမ်းတူး | ။ |
| ၈ | ဦးပွန်နောင် | ။ |
| ၉ | ဦးကိုင်သ | ။ |
| ၁၀ | ဦးရားဂေါ | ။ |
| ၁၁ | ဦးယိန်းဝါး | ။ |
| ၁၂ | ဦးပွန်းမြင်း | ။ |
| ၁၃ | ဦးကွမ်းနဲ | ရပ်ဖိရပ်ဖ |
| ၁၄ | ဦးဘန်နှင်း | ရပ်မိရပ်ဖ |

| | | |
|---|---|---|
| ၁၅ | ဦးလားညှ | ဆယ်အိမ်မှူး |
| ၁၃ | ဦးတူးချင်း | ရာအိမ်မှူး |

## ၂။ ဘိုးဘွားတို့၏ ဆိုရိုးစကားများ

*(၁) ယာစောဒန်မိုင်း နာလာတသား (ဓာခုတ်မတတ်တော့ ဒူးခုတ်မိတယ်)*

*နာဇျူဒန်းမိုင်း နာငေးတရှား (အပြောမတတ်တော့ ဒဏ်ပေးခံရတယ်)*

*(၂) ရွှန်းယုန်းမုန်းနန်င (အိုင်ကြီးထဲ ငါးပေါ်များတယ်)*

*ဂျစ်သိန်းမုန်းနဆ (တော၊ ချုံထူထပ်ရင် စပါးကောင်းတယ်)*

*(၃) ဝူလမ်းမီတူး (ကြက်မျိုးဝယ်ရင် အမြီးထောင်သည့် အရွယ်ဝယ်)*

*ငါလမ်းရုန်းဘူး (ကျွဲ၊နွားမျိုးဝယ်ရင် ချိုဘုရှိသည့် အရွယ်ဝယ်)*

*တင့်ကော ဘန်သယ်ဝမ်းစင့်ငေါင်း (ရွာပိုင်တဲ့သူ စော်ဘွားမျိုး)*

*ကုန့်ညှိဘန်သဲ ဆဘဲ(တောတောင်ကိုစောင့်ရှောက်တာ ကျား)*

*ဦးတူးချင်း၊ ဦးမောဒမ်း၊ ဦးမိုးရိန်း (နောင်ဆိုင်)*

*ပုံ (၂၂) ရိုးရာဓလေ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပုံရိပ်မှတ်တမ်းအချို့*









ပုံ(၂၃) ကျေးရွာသမိုင်းပြုစုရေး အလုပ်အမှုဆောင်ကော်မတီဝင်များ